# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

The Mirror Daily

Established in 1957

e – paper ဖတ်ရှုရန်


**မိမိကိုယ်ကို ကောင်းစွာစောင့်ရှောက်**

မိမိကိုယ်ကိုချစ်လျှင် (အကုသိုလ် မဖြစ်စေရအောင်၊ ကုသိုလ်ပွားများအောင်) မိမိကိုယ်ကို ကောင်းစွာ စောင့်ရှောက်ရာ၏။ အရွယ်သုံးပါးတို့တွင် (အနည်းဆုံး) တစ်ပါးပါးသော အရွယ်၌ ပညာရှိသော သူသည် မိမိကိုယ်ကို အကုသိုလ်မှ စင်ကြယ်အောင် စောင့်ရှောက်ရာ၏။

အတ္တဝဂ်(ဓမ္မပဒ-၁၅၇)



## နိုင်ငံတော် ရွှေသီးဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့

**ပြည်တွင်းကုန်ထုတ်လုပ်မှုများကို အားပေးဆောင်ရွက်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်သွားကြရမည်။**

**နိုင်ငံ့စီးပွားတိုးတက်ရေးအတွက် ကုန်ထုတ်လုပ်မှုသည် မဖြစ်မနေ ဆောင်ရွက်ရမည့်လုပ်ငန်းရပ်ဖြစ်သည်။**

## ယနေ့ ဖတ်စရာ


**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲ**

---------------

**တပ်မတော်သား အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ငါးဦး အစားထိုးပြောင်းလဲ** စာမျက်နှာ » ၄

---------------

**မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ညှိနှိုင်းဆွေးနွေး** စာမျက်နှာ » ၅

---------------

**စစ်ကိုင်းမြို့ရှိ ဆွမ်းဦးပုညရှင်ဘုရား၊ လေးကျွန်းမာန်အောင်ဘုရား၊ မရှိခဏဘုရားနှင့် စေတီလှစေတီတို့တွင် ပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများဆောင်ရွက်** စာမျက်နှာ » ၈

---------------

**ဝါစေ့ဆီထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည့်ကုန်ကြမ်းများ၊ စက်ပစ္စည်းများ၊ နည်းပညာများ ဖြည့်တင်းပေးနိုင်ရေး ဆွေးနွေး** စာမျက်နှာ » ၉


## သန်လျင်ရေနံချက်စက်ရုံ စီမံကိန်းအပိုင်း(၁)အား စက်ရုံလည်ပတ်မှုနည်းစဉ် တစ်ဆင့်ချင်းအလိုက် စမ်းသပ်လည်ပတ်နေ

နေပြည်တော် စက်တင်ဘာ ၁၄

သန်လျင်ရေနံချက်စက်ရုံ စီမံကိန်းအပိုင်း(၁)အား စက်ရုံလည်ပတ်မှုနည်းစဉ် တစ်ဆင့်ချင်းအလိုက် စမ်းသပ်လည်ပတ်နေမှုကို ယနေ့တွင် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် တာဝန်ရှိသူများနှင့်အတူ သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် ယနေ့အချိန်ကာလသည် ကမ္ဘာတစ်ဝန်းတွင် စက်မောင်းဆီအခက်အခဲများ ဖြစ်ပေါ်နေလျက်ရှိသည့်အပြင် ဈေးနှုန်းများလည်း မြင့်တက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် စက်မောင်းဆီကို စနစ်တကျသုံးစွဲနိုင်ရေး ကြပ်မတ်ဆောင်ရွက်လျက်ရှိသကဲ့သို့ ကိုယ်တိုင်ထုတ်လုပ်နိုင်ရေးအတွက်လည်း ကြိုးပမ်းဆောင်ရွက်နေကြောင်း၊ အရှေ့အလယ်ပိုင်းဒေသ ပဋိပက္ခမဖြစ်မီက စက်မောင်းဆီများသည် ရေနံစိမ်းကုန်ကြမ်းထက်


စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




သန်လျင်ရေနံချက်စက်ရုံ စီမံကိန်းအပိုင်း(၁)အား စက်ရုံလည်ပတ်မှုနည်းစဉ် တစ်ဆင့်ချင်းအလိုက် စမ်းသပ်လည်ပတ်နေမှုကို တာဝန်ရှိသူများ ကြည့်ရှုစစ်ဆေးစဉ်။



## ပေါင်းတည်မြို့နယ်၌ ရာသီအလိုက် စားဖိုဆောင်သီးနှံများ စိုက်ပျိုးရောင်းချ

ပေါင်းတည် စက်တင်ဘာ ၁၄

ပဲခူးတိုင်းဒေသကြီး ပေါင်းတည်မြို့နယ်ရှိ တောင်သူများသည် ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို မိုးရေအပြင် ချောင်းရေနှင့်မြေအောက်ရေများ အသုံးပြုကာ တစ်နှစ်ပတ်လုံး စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

ယခုနှစ် မိုးရာသီ ဟင်းသီးဟင်းရွက်စိုက်ပျိုးရာတွင် စုစုပေါင်း ၅၈ဝ၇ ဧကလျာထားစိုက်ပျိုးထုတ်လုပ်လျက်ရှိကြောင်း မြို့နယ်မြေစာရင်းဦးစီးဌာနမှ သိရသည်။ ပေါင်းတည်မြို့နယ်မှ ထွက်ရှိသော ဒေသထွက်ကုန်စိမ်းများကို ဒေသတွင်း ပွဲရုံများသို့လည်းကောင်း၊ ရန်ကုန် ကုန်စိမ်းဒိုင်ကြီးများနှင့် အခြားအနယ်နယ် အရပ်ရပ်ရှိ ဈေးကွက်များသို့လည်းကောင်း ကုန်တင်ကားများဖြင့် တိုက်ရိုက်တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

ရွှေသား(IPRD)




**မိမိဒီဂျစ်တယ် ကိုယ်ပွား၊ လုံလုံခြုံခြုံ ကာကွယ်ထား**


ဆောင်းပါး

စာမျက်နှာ » ၆


## တိုင်းဒေသကြီးနှင့်ပြည်နယ်အချို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် စက်တင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာအနှံ့အပြား၊ နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ်၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နေရာကျဲကျဲနှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်သည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မိုး/ဇလ

ကြေးမုံ

# ဖြစ်ပေါ်နိုင်သည့်သဘာဝဘေးအန္တရာယ် သတိပြုကြိုတင်ကာကွယ်ဆောင်ရွက်

၂၀၂၆ ခုနှစ် ဩဂုတ်လတွင် အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ၏ ပင်လယ်ရေမျက်နှာပြင် အပူချိန်နှင့် လေထုဖြစ်စဉ်များ အားကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနေကြောင်း၊ ၂၀၂၆ ခုနှစ် စက်တင်ဘာလတွင် အားအလွန်ကောင်းသော အယ်လ်နီညိုအခြေအနေသို့ ရောက်ရှိနိုင်ကြောင်း၊ ၂၀၂၆ ခုနှစ် အောက်တိုဘာလ၊ နိုဝင်ဘာလ၊ ဒီဇင်ဘာလနှင့် ၂၀၂၇ ခုနှစ် ဇန်နဝါရီလနှင့် ဖေဖော်ဝါရီလအထိ အားအကောင်းဆုံးအယ်လ်နီညိုအဖြစ် ဆက်လက်တည်ရှိပြီး လာမည့်ကာလများတွင် အလွန်အားကောင်းသည့် အယ်လ်နီညိုဖြစ်စဉ်များ ဆက်လက်ဖြစ်ပေါ်နိုင်သည်ဟု မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးထားသည်။

အယ်လ်နီညိုဖြစ်စဉ်သည် ယခုလတွင် အားအလွန်ကောင်းသောအခြေအနေသို့ ရောက်ရှိနေပြီး အဆိုပါအခြေအနေနှင့်အတူ ပုံမှန်မဟုတ်သည့်ရာသီဥတုဖြစ်စဉ်များ ကြုံတွေ့လျက်ရှိသည်ကို တွေ့မြင်ရမည်ဖြစ်သည်။ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မုတ်သုံအဝင်နောက်ကျခြင်း၊ အထွက်စောခြင်း၊ မိုးရွာသွန်းမှုမမှန်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်းတိုက်ခတ်ခြင်း၊ မိုးခေါင်ရေရှားခြင်း၊ အပူချိန်မြင့်မားခြင်း စသည့်ဖြစ်စဉ်များဖြစ်ပေါ်လေ့ရှိရာ မြန်မာနိုင်ငံအနေဖြင့် မိုးသည်းထန်စွာရွာသွန်းမှုဖြစ်စဉ်များကြုံတွေ့ခဲ့ရပြီး အချို့ဒေသများတွင် ရေကြီးရေလျှံဖြစ်စဉ်များကို ကြုံတွေ့ခဲ့ရ၊ ကြုံတွေ့ဆဲဖြစ်သည်။ ယခုရက်ပိုင်းတွင် ပုံမှန်ရာသီဥတုကဲ့သို့ မုတ်သုံမိုးနည်းပါးသွားသည့်အခြေအနေရှိသော်လည်း အားကောင်းသော အယ်လ်နီညိုဖြစ်စဉ်ကြောင့် မမျှော်မှန်းနိုင်သော ရာသီဥတုအခြေအနေများ ကြုံတွေ့နိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။

အယ်လ်နီညိုဖြစ်စဉ်အရ မိုးသည်းထန်စွာရွာသွန်းမှုအခြေအနေပြီးဆုံးလျှင် အလွန်ပူပြင်းသည့်အခြေအနေများကြုံတွေ့နိုင်သည်ဟု ခန့်မှန်းသော်လည်း ယမန်နေ့ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေအားအသင့်အတင့်ရှိနေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဗီယက်နမ်နိုင်ငံအလယ်ပိုင်းကမ်းခြေဒေသများတွင် ဖြစ်ပေါ်နေသော လေဖိအားနည်းဆဲလ်မှ ပြတ်ထွက်လာသော တိမ်တိုက်များကြောင့်လည်းကောင်း စက်တင်ဘာလ ၁၃ ရက်နေ့မှ စက်တင်ဘာလ ၁၇ ရက်နေ့အတွင်း နိုင်ငံတစ်ဝန်းရှိ ဒေသများ၌ နေရာကွက်၍မိုးကြီးနိုင်သည်ဟု ခန့်မှန်းထားသည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင်လည်း တစ်ခါတစ်ရံ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးနိုင်သည်ဟု သတိပေးထားသည်။

လက်ရှိတွင် ပြီးခဲ့သည့်ကာလများက မိုးသည်းထန်စွာရွာသွန်းခဲ့သည့် အခြေအနေများကြောင့် အချို့ဒေသများတွင် ရေကြီးရေလျှံသည့်ဖြစ်စဉ်များ ကြုံတွေ့ခဲ့သည်။ ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ဇူလိုင်လ ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်/ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းခဲ့သည်။ အဆိုပါရေဝင်ရောက်မှုကြောင့် ယနေ့အချိန်ထိ လေးမျက်နှာမြို့ပေါ် ရပ်ကွက်ငါးခုနှင့် ကျေးရွာအချို့အပြင် ဟသ်ာတ၊ ရေကြည်၊ ငါးသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်များအတွင်းရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများဖြစ်ပေါ်ဆဲဖြစ်သောကြောင့် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် သက်ဆိုင်ရာဝန်ကြီးဌာနနှင့် အဖွဲ့အစည်းများ၊ ဒေသခံပြည်သူများက ငဝန်ပန်းတာ ရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြုကာ စက်ယန္တရားများနှင့် လုပ်အားများကို စုစည်းပြီး ရေဘေးအန္တရာယ်ကို အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့်၍ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ အယ်လ်နီညိုဖြစ်စဉ်ကြောင့် မမှန်သော ရာသီဥတုဖြစ်စဉ်များ ဆက်လက်ဖြစ်ပေါ်နေဦးမည်ဖြစ်ရာ ဖြစ်ပေါ်လာနိုင်သော သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို ညီညွတ်သောစုပေါင်းအင်အားဖြင့် ဆက်လက်ကာကွယ် ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ ကြုံတွေ့နေရသော သဘာဝဘေးအန္တရာယ်များကို စုပေါင်းအင်အားဖြင့် ကာကွယ်ဆောင်ရွက်သွားကြရမည်ဖြစ်သလို မဖြစ်ပေါ်သေးသော သဘာဝဘေးအန္တရာယ်များအတွက်လည်း ကြိုတင်ပြင်ဆင် သတိပြုဆောင်ရွက်ကြရမည်ဖြစ်သည်။

လက်ရှိတွင် ဖြစ်ပေါ်နေသော ရာသီဥတု အခြေအနေများကြောင့် မိုးသည်းထန်စွာရွာသွန်းခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်း စသည့်သဘာဝဘေးအန္တရာယ်များဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ချောင်းများအနီးတွင် နေထိုင်ကြသော ပြည်သူများအနေဖြင့် ရေကြီး၊ ရေလျှံမှုအန္တရာယ်များကို ကြိုတင်သတိပြု ကာကွယ်ဆောင်ရွက်သွားကြရန် အသိပေးနှိုးဆော်အပ်ပါကြောင်း။ ။

## ၂၀၂၆ ခုနှစ်၊ (၂၇)ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲဦးတည်ချက်များ

(က) အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ခ) အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်စေရန်နှင့် မျိုးဆက်သစ်လူငယ်များကြားတွင် ရိုးရာယဉ်ကျေးမှုကို ချစ်မြတ်နိုးသည့် အမျိုးသားရေးစိတ်ဓာတ် ပိုမိုထွန်းကားပြန့်ပွားစေရေး၊

(ဂ) မြန်မာ့ရိုးရာယဉ်ကျေးမှုအနုပညာရပ်များ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရန် ဖော်ထုတ်ထိန်းသိမ်းမြှင့်တင်ရေး၊

(ဃ) နိုင်ငံတော်တည်ဆောက်ရေးကဏ္ဍတွင် ယဉ်ကျေးမှုအနုပညာစွမ်းအားဖြင့် တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။




## (၁၄-၉-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၆၄.၆ ~ ၃၆၆၇.၅ | ၅၅၈.၁ ~ ၅၅၈.၅ | ၁၂၅.၅ ~ ၁၂၅.၆ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၁၄,၆၀၈,၀၂၀.၄၀ | ၄၀,၀၀၀,၀၀၀.၀၀ | ၆၀,၁၇၅,၇၁၁.၈၉ | - |

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ၁၄ - ၉ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** ငွေကျပ် ၇၁၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၄ - ၉ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၅၀၀ | ၁၈,၀၀၀ | ၆၁ | ၁,၁၂၈,၀၀၀ |
| MTSH | ၈,၆၀၀ | ၈,၇၀၀ | ၈၀ | ၆၈၉,၈၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၀၀၀ | ၃၃၁ | ၄,၃၀၃,၀၀၀ |
| FPB | ၆,၉၀၀ | ၆,၈၀၀ | ၁,၉၅၂ | ၁၃,၂၉၈,၅၀၀ |
| TMH | ၃,၃၀၀ | ၃,၃၀၀ | ၂၇၂ | ၈၉၇,၆၀၀ |
| EFR | ၁,၈၅၀ | ၁,၉၀၀ | ၃,၂၂၄ | ၆,၀၂၁,၄၅၀ |
| AMATA | ၄,၁၀၀ | ၄,၂၀၀ | ၈ | ၃၃,၁၀၀ |
| MAEX | ၆,၇၀၀ | ၆,၇၀၀ | ၄၆၂ | ၃,၀၉၅,၂၀၀ |
| MADPL(PLB) | ၆,၅၀၀ | ၆,၅၀၀ | ၀ | ၀ |
| ASPGB(PLB) | ၆,၅၀၀ | ၆,၄၀၀ | ၇,၇၁၉ | ၄၉,၆၄၀,၀၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။

ကြေးမုံ

**စာတည်းမှူးချုပ်** - ဝင်းနိုင်
**စာတည်းမှူး** - အေဝမ်းစိုး
**စာတည်းများ** - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဦး၊ နိုင်လင်းကြည်
**ဘာသာပြန်** - အောင်ကျော်ကျော်၊ စိုးသူရ
**အကြီးတန်း သတင်းထောက်များ** - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
**အငယ်တန်း သတင်းထောက်များ** - အောင်ကျော်ဦး၊ သန်းတင်အောင်၊ ခင်သက်မွန်၊ မြသီတာ
**သုတေသန** - ဇင်မာဝင့်
**စာပြင်** - ခင်နှင်းယုနှင့်အဖွဲ့
**စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** - နီလာစိုးနှင့်အဖွဲ့
**အီးမေးလ်နှင့် အွန်လိုင်း** - စိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
https://www.moi.gov.mm/km
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

## ပြည်သူအားလုံး စုစည်းညီညွတ်ဖို့လို

ညီညွတ်ဖို့ဆိုရင် စည်းကမ်းကို နားလည်ဖို့လိုတယ်၊ ဥပဒေကို နားလည်ဖို့လိုတယ်၊ ဒါဆို အသိပညာ၊ အတတ်ပညာတွေ ကျွန်တော်တို့ ရအောင် လုပ်ပါမယ်၊ ဒီလိုနဲ့ပေါင်းစပ်ပြီး လုပ်မှာဖြစ်ပါတယ်၊ ဒါကြောင့် အင်မတန် အရေးကြီးပါတယ်။ တိုင်းပြည်တိုးတက်ဖို့ဆိုရင် တိုင်းပြည်မှာရှိတဲ့ ပြည်သူလူထုအားလုံး စုစည်းညီညွတ်ဖို့ လိုပါတယ်။

(နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၁၉-၇-၂၀၂၆ ရက်နေ့ အာဇာနည်နေ့အခမ်းအနားသို့ လာရောက်ဂါရဝပြုရခြင်းနှင့် ပစ္စက္ခကာလတွင် တိုင်းပြည်ဖွံ့ဖြိုးတိုးတက်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးတို့နှင့်စပ်လျဉ်း၍ မီဒီယာများ၏ မေးမြန်းမှုများ ဖြေကြားချက်မှ ကောက်နုတ်ချက်)

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ ဂျပန်နိုင်ငံ အောက်လွှတ်တော်အမတ် ဦးဆောင်သည့်ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌ ဦးခင်ရီသည် ဂျပန်နိုင်ငံ အောက်လွှတ်တော် အမတ် Honorable Mr. TAKEI Shunsuke ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ လွှတ်တော် အဆောက်အအုံ ပြည်သူ့ လွှတ်တော်ဆောင် ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။





ထိုသို့တွေ့ဆုံစဉ် ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌက မိမိတို့ နှစ်နိုင်ငံသည် ၁၉၅၄ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ စတင်၍ သံတမန် ဆက်သွယ်မှုရှိခဲ့ပြီး အစဉ်အလာ ကောင်းမွန်ကာ ချစ်ကြည်ရင်းနှီးမှု ခိုင်မာခဲ့သော မိတ်ဆွေနိုင်ငံများလည်း ဖြစ်ကြပါကြောင်း၊ ထို့အပြင် မိမိတို့ နှစ်နိုင်ငံသည် ကဏ္ဍစုံတွင် ပူးပေါင်း ဆောင်ရွက်ခဲ့ကြသည့် အပြင် ပြည်သူအချင်းချင်းလည်း ရင်းနှီး ကျွမ်းဝင်မှု ရှိခဲ့ကြပါကြောင်း၊ မိမိတို့နိုင်ငံတွင် ၂၀၂၅ ခုနှစ်၌ လွတ်လပ်၍ တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကျင်းပခဲ့ပြီးနောက် ဥပဒေပြုရေးမဏ္ဍိုင်၊ အုပ်ချုပ်ရေး မဏ္ဍိုင်နှင့် တရားစီရင်ရေးမဏ္ဍိုင် များ ပေါ်ပေါက်လာပါကြောင်း၊ မိမိတို့နိုင်ငံ၏ လွှတ်တော်စနစ် သည် ဂျပန်နိုင်ငံလွှတ်တော်စနစ် ကဲ့သို့ပင် လွှတ်တော်နှစ်ရပ်ရှိပါ ကြောင်း၊ မိမိတို့လွှတ်တော် အနေဖြင့် လွှတ်တော်ချင်း ချစ်ကြည် ရင်းနှီးရေးအဖွဲ့များ ဖွဲ့စည်း၍ အခြားနိုင်ငံများနှင့် လွှတ်တော်ချင်း ချစ်ကြည်ရင်းနှီးမှု တိုးမြှင့်ရေး ဆောင်ရွက်လျက် ရှိပါကြောင်း၊ ဂျပန်အောက် လွှတ်တော်နှင့်လည်း ချစ်ကြည် ရင်းနှီးစွာ ဆက်ဆံနိုင်ရေးအတွက် မိမိတို့လွှတ်တော်တွင် မြန်မာ-ဂျပန်လွှတ်တော်ချင်း ချစ်ကြည် ရင်းနှီးရေးအဖွဲ့ ဖွဲ့စည်းထားရှိပြီး ဖြစ်ပါကြောင်း၊ အဆွေတော်ယခု ကဲ့သို့ လာရောက်ခြင်းသည် မိမိတို့ လွှတ်တော်နှစ်ရပ်ကြား ပူးပေါင်း ဆောင်ရွက်ရန်အတွက် ပထမခြေလှမ်းပင် ဖြစ်ပါကြောင်း၊ ထို့ကြောင့် မိမိတို့နှစ်နိုင်ငံ ဆက်ဆံ ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး တို့အတွက် လွှတ်တော်ကဏ္ဍမှ စတင် ဆောင်ရွက်၍ရပါကြောင်း၊ မိမိတို့နှစ်နိုင်ငံအကြား လွှတ်တော် အချင်းချင်း ထိတွေ့ဆက်ဆံရေး၊ လွှတ်တော်ကော်မတီချင်း ဆက်ဆံ ရေး၊ လူငယ်၊ အမျိုးသမီးနှင့် နည်းပညာကဏ္ဍများတွင် ပူးပေါင်း ဆောင်ရွက် သွားလိုပါကြောင်း၊ ချစ်ကြည်ရင်းနှီးမှုများဖြင့် ကာလ ကြာရှည်စွာ ဆက်ဆံရေးကောင်း မွန်သည့် မိမိတို့နှစ်နိုင်ငံအတွက် ဆက်ဆံရေး ပြန်လည်တိုးမြှင့်ရန် ဆောင်ရွက်မှုများသည် အခက် အခဲရှိလိမ့်မည်မဟုတ်ဟု ယုံကြည် ပါကြောင်း ပြောကြားသည်။

ထို့နောက် ဂျပန်နိုင်ငံ အောက်လွှတ်တော် အမတ် Honorable Mr. TAKEI Shunsuke က မိမိတို့နှစ်နိုင်ငံ လွှတ်တော် နှစ်ရပ်အကြား ပူးပေါင်း ဆောင်ရွက်နိုင်ရေး အတွက် ကြိုးပမ်းသွားမည် ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံသို့ ရောက်ရှိလာသည့် အခါတွင် အေးချမ်းသာယာသော အခြေ အနေများကို တွေ့မြင်ရပြီး ပြင်ပတွင်ဖြစ်ပေါ်နေသော သတင်း များနှင့် ကွာခြားလျက်ရှိပါ ကြောင်း၊ ထို့ကြောင့် နှစ်နိုင်ငံ ဆက်ဆံရေးတိုးမြှင့်နိုင်ရေး အဓိက ကျသည့် ပြည်သူအချင်းချင်း ချစ်ကြည်ရင်းနှီးမှုနှင့် မြန်မာနိုင်ငံ ၏သာယာလှပသော သဘာဝနှင့် ယဉ်ကျေးမှုများ လေ့လာနိုင်ရန် အတွက် ခရီးသွားလုပ်ငန်းများ ကိုလည်း ပြန်လည်စတင်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ဂျပန်နိုင်ငံတွင် လာရောက်လုပ်ကိုင်လျက်ရှိသည့် မြန်မာနိုင်ငံမှ လုပ်သားဦးရေ တစ်သိန်းကျော်ရှိပြီး ကြိုးစား အားထုတ်မှုနှင့် ကောင်းမွန်သော အပြုအမူများကြောင့် နာမည် ကောင်းများ ရရှိထားပါကြောင်း၊ ဂျပန်နိုင်ငံ အနေဖြင့်လည်း Specified Skilled Worker (SSW) ကျွမ်းကျင်သည့်လုပ်သား စနစ်သစ်ဖြင့် အလုပ်သမားများ ခေါ်ယူရေး ဆောင်ရွက်လျက်ရှိပါ ကြောင်း၊ မိမိယခုလာရောက်သည့် ခရီးစဉ် ရည်ရွယ်ချက်မှာလည်း နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပြန်လည်စတင်ရေး၊ လူ့စွမ်းအား အရင်းအမြစ်နှင့် စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့် ရေး၊ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပြည်သူချင်း ထိတွေ့ဆက်ဆံမှု ပြန်လည် ခိုင်မာလာစေရေးတို့ အတွက် လာရောက်ခြင်းဖြစ်ပါ ကြောင်း ပြောကြားသည်။

တွေ့ဆုံပွဲသို့ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌနှင့်အတူ ပြည်သူ့လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးမောင်မောင်အုန်း၊ ပြည်သူ့လွှတ်တော် ပို့ဆောင်ဆက် သွယ်ရေး၊ ဒီဂျစ်တယ်နှင့် သိပ္ပံ နည်းပညာကော်မတီ ဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမြင့်နှင့် ပြည်သူ့ လွှတ်တော်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

**သတင်းစဉ်**




☆ ရှေ့ဖုံးမှ

၃၀ ရာခိုင်နှုန်းခန့်သာ ပိုမိုသော်လည်း ယခုအချိန်တွင် နှစ်ဆခွဲခန့်အထိ မြင့်တက်နေသည့်အတွက် ရေနံချက် စက်ရုံများ လျှင်မြန်စွာပေါ်ထွက်လာစေရန်အတွက် ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ယခု လည်ပတ်မည့်စက်ရုံသည် ထိန်းချုပ်မောင်းနှင်မှု၊ စောင့်ကြည့်မှု၊ ချိန်ညှိမှုများကို Control Room အတွင်းမှ ဆောင်ရွက်နိုင်သည့် ပထမဆုံးသော ရေနံ ချက်စက်ရုံဖြစ်သည်နှင့်အညီ ဝန်ထမ်းများအား စနစ် တကျ လေ့ကျင့်သင်ကြားပေးထားရန် လိုအပ်ကြောင်း ပြောကြားသည်။

မွန်းလွဲပိုင်းတွင် သာကေတနှင့် အလုံ သဘာဝ ဓာတ်ငွေ့သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို ကြည့်ရှုစစ်ဆေးပြီး သဘာဝဓာတ်ငွေ့များသည် တန်ဖိုး ကြီးမားသဖြင့် အကျိုးရှိထိရောက်စွာ အသုံးပြုရန် လိုအပ်ကြောင်း၊ စက်များ၏ စွမ်းဆောင်ရည်ကို မြှင့်တင် နိုင်ခြင်းဖြင့် သဘာဝဓာတ်ငွေ့သုံးစွဲမှု အနည်းဆုံး ၃၀ ရာခိုင်နှုန်း သက်သာသွားမည်ဖြစ်ရာ စက်များအား ပြန်လည်ပြင်ဆင်ခြင်း၊ စွမ်းဆောင်ရည်မြင့်မားသည့် စက်များဖြင့် အစားထိုးအသုံးပြုသွားနိုင်ရေးအတွက် စီမံဆောင်ရွက်လျက်ရှိကြောင်း ပြောကြားသည်။

ညနေပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ရန်ကုန်တိုင်းဒေသကြီးအတွင်း တာဝန်ထမ်းဆောင် နေကြသည့် လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ဝန်ထမ်း များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လျှပ်စစ်နှင့် စွမ်းအင်ကဏ္ဍတွင် အနှောင့်အယှက်အခက်အခဲများ ရှိနေသော်လည်း ဝန်ထမ်းများအားလုံး စုစည်းညီညွတ် စွာ ကြိုးပမ်းဆောင်ရွက်နေကြပါကြောင်း၊ ၂၀၁၀ ပြည့်နှစ် မှ ၂၀၂၆ ခုနှစ်အထိ နှစ်စဉ်တစ်လချင်း ပျမ်းမျှဓာတ်အား ဖြန့်ဖြူးနိုင်မှုကို နှိုင်းယှဉ်ကြည့်မည်ဆိုပါက ယခုနှစ် သည် အများဆုံးဖြစ်ပြီး တစ်လပျမ်းမျှ ယူနစ် ၁၉၇၈ သန်းဖြန့်ဖြူးနေပါကြောင်း၊ လျှပ်စစ်ဓာတ်အားပေး စက်ရုံများ၊ ဓာတ်အားခွဲရုံများ၊ မဟာဓာတ်အားလိုင်း များ ဖျက်ဆီးခံခဲ့ရခြင်းမရှိပါက တစ်လ ပျမ်းမျှ ယူနစ် ၂၂၄၀ သန်း အထိ ဖြန့်ဖြူးပေးနိုင်မည် ဖြစ်ပါကြောင်း၊ ၂၀၂၅ ခုနှစ်နှင့် နှိုင်းယှဉ်ပါက တစ်လ ပျမ်းမျှ ဖြန့်ဖြူး နိုင်မှု ၂၁ ရာခိုင်နှုန်း တိုးတက်လာပါကြောင်း၊ ယခုကဲ့သို့ တိုးတက်လာမှုသည် ဓာတ်အားတိုးမြှင့် ထုတ်လုပ်ပေး နိုင်မှုအပြင် ဓာတ်အားခိုးယူသုံးစွဲမှုများကို ဖော်ထုတ် အရေးယူနိုင်ခြင်းသည်လည်း အဓိကပါဝင်ပါကြောင်း၊ ပြည်သူများ အားကိုးအားထားပြုရပြီး နိုင်ငံတော် စီးပွားဖွံ့ဖြိုးမှုအတွက် အားကိုးအားထားပြုရသည့် လျှပ်စစ်ဓာတ်အားပေးစနစ် ဖြစ်ပေါ်လာစေရေး အတွက် ပြည်သူများနှင့် ထိတွေ့ဆက်ဆံနေရသည့် ဝန်ထမ်းများအားလုံးသည် စေတနာအရင်းခံ၍ ဝန်ဆောင်မှုပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ထို့အတူ တိုင်းဒေသကြီးဝန်ကြီးချုပ်က ရန်ကုန် တိုင်းဒေသကြီးအတွင်း လျှပ်စစ်မီတာများ တိုးမြှင့် တပ်ဆင်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်နေသည့် အစီအမံများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရ သည်။

**သတင်းစဉ်**

# တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၅၆ / ၂၀၂၆ )

၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်
( ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် )

**တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သားပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးကို အမည်စာရင်း ပြောင်းလဲလိုကြောင်း ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၇ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ ကြေညာချက်အမှတ် ( ၃၂/၂၀၂၆ )တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ခုနစ်ဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ကြည်း ၃၃၄၆၆<br>ဗိုလ်မှူးချုပ် ဉာဏ်သိန်းဦး | အစား | ကြည်း ၃၅၄၂၈<br>ဗိုလ်မှူးကြီး သူရိန်ဟန် |
| ( ခ ) | ကြည်း ၂၀၆၈၃<br>ဗိုလ်မှူးကြီး အောင်ကျော်ဦး | အစား | ကြည်း ၂၇၂၁၃<br>ဗိုလ်မှူးကြီး စိုးထွန်း |
| ( ဂ ) | ကြည်း ၂၃၃၅၃<br>ဗိုလ်မှူးကြီး ဝင်းကိုကို | အစား | ကြည်း ၂၈၂၇၄<br>ဗိုလ်မှူးကြီး သိန်းလွင် |
| (ဃ) | ကြည်း ၂၃၆၇၆<br>ဗိုလ်မှူးကြီး ဒေါ်စိုးမိုးခိုင် | အစား | အင်န် ၆၅၉<br>ဒုတိယဗိုလ်မှူးကြီးဒေါ်ဥမ္မာမြင့် |
| ( င ) | ကြည်း ၂၃၆၇၅<br>ဒုတိယဗိုလ်မှူးကြီး ဒေါ်ခင်ဥမ္မာကြိုင် | အစား | အင်န် ၈၃၁<br>ဗိုလ်မှူး ဒေါ်အေးအေးမွန် |
| ( စ ) | ကြည်း ၂၅၅၁၅<br>ဒုတိယဗိုလ်မှူးကြီး ဒေါ်ခိုင်ခိုင်စု | အစား | အင်န် ၈၂၄<br>ဗိုလ်မှူး ဒေါ်အေးသက်သက်ခိုင် |
| (ဆ) | အင်န် ၆၃၇<br>ဗိုလ်မှူး ဒေါ်ခင်သူဇာ | အစား | အင်န် ၇၀၇<br>ဗိုလ်မှူး ဒေါ်သီတာလွင် |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၅၇ / ၂၀၂၆ )

၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်
( ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် )

**တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း အမျိုးသားလွှတ်တော်ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကစိစစ်ပြီး ၈ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် ( ၃၃/၂၀၂၆ ) တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါ တပ်မတော်သားအမျိုးသားလွှတ်တော်ကိုယ်စားလှယ် ငါးဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (က) | ကြည်း ၂၀၈၃၄<br>ဗိုလ်မှူးချုပ် ဝင်းကိုကို | အစား | ကြည်း ၂၅၀၆၅<br>ဗိုလ်မှူးချုပ် ခင်မောင်စိုး |
| ( ခ ) | လေ ၁၉၆၂<br>ဗိုလ်မှူးချုပ် မြင့်သောင်း | အစား | လေ ၂၂၁၄<br>ဗိုလ်မှူးချုပ် ဇော်ဇော်ထွန်း |
| ( ဂ ) | ကြည်း ၃၄၇၁၁<br>ဗိုလ်မှူး တင့်လွင်အေး | အစား | ကြည်း ၅၅၃၉၈<br>ဗိုလ်မှူး ဇင်ကိုဝင်း |
| (ဃ) | ကြည်း ၃၆၅၁၈<br>ဗိုလ်မှူး ဇေယျာဝင်း | အစား | ကြည်း ၂၈၆၅၄<br>ဗိုလ်မှူး ဇော်မင်းသိန်း |
| ( င ) | ကြည်း ၅၂၇၈၉<br>ဗိုလ်မှူး ကျော်ဇင်ဝင်း | အစား | ကြည်း ၅၄၉၃၅<br>ဗိုလ်မှူး နိုင်ဝင်း |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် သုံးဦး အစားထိုးပြောင်းလဲ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

ကြေညာချက်အမှတ် ( ၅၈ / ၂၀၂၆ )

၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၃ ရက်
( ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၄ ရက် )

**တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် သုံးဦး အစားထိုးပြောင်းလဲခြင်း**

၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၂၈ ရက်နေ့မှစတင်၍ အပိုင်းလိုက်ကျင်းပခဲ့သည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမည်စာရင်းတင်သွင်းထားသော တပ်မတော်သား တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် သုံးဦးကို အမည်စာရင်းပြောင်းလဲလိုကြောင်း တိုင်းဒေသကြီးလွှတ်တော် သို့မဟုတ် ပြည်နယ်လွှတ်တော် ရွေးကောက်ပွဲဥပဒေ ပုဒ်မ ၃၃ နှင့်အညီ အကြောင်းကြားချက်အရ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က စိစစ်ပြီး ၁၁ - ၂ - ၂၀၂၆ ရက်စွဲပါ ကော်မရှင်၏ကြေညာချက်အမှတ် ( ၃၅/၂၀၂၆ )တွင် ဖော်ပြထားသည့် အောက်ဖော်ပြပါတပ်မတော်သားတိုင်းဒေသကြီးလွှတ်တော်သို့မဟုတ်ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် သုံးဦးအား ယှဉ်တွဲပါအတိုင်း အစားထိုးပြောင်းလဲလိုက်သည် -

| | | | |
|---|---|---|---|
| (က) | **ကချင်ပြည်နယ်လွှတ်တော်** | | |
| | ကြည်း ၅၁၄၃၃<br>ဗိုလ်ကြီး ရန်အောင်ခိုင် | အစား | ကြည်း ၃၃၉၁၄<br>ဗိုလ်ကြီး တင်ကိုကို |
| ( ခ ) | **ကယားပြည်နယ်လွှတ်တော်** | | |
| | ကြည်း ၂၅၇၉၀<br>ဗိုလ်မှူးကြီး အောင်ကျော်မြင့် | အစား | ကြည်း ၃၀၂၁၆<br>ဗိုလ်မှူးကြီး ဇင်မင်းထွဋ် |
| ( ဂ ) | **ချင်းပြည်နယ်လွှတ်တော်** | | |
| | ကြည်း ၃၅၄၁၉<br>ဗိုလ်မှူး အာကာကျော်မိုး | အစား | ကြည်း ၄၇၅၀၈<br>ဗိုလ်မှူး ရန်အောင်ဖြိုး |

(ပုံ) သန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရွေးကောက်ပွဲကန့်ကွက်လွှာအယူခံမှု အမှတ်(၂/ ၂၀၂၆)ကို ဆုံးဖြတ်ချက်(အမိန့်)ချမှတ်

**နေပြည်တော် စက်တင်ဘာ ၁၄**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ ဦးသန်းစိုးနှင့် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များဖြစ်ကြသော ဦးအောင်မိုးမြင့်၊ ဦးအောင်လွင်ဦး၊ ဦးမြင့်ဦး၊ ဦးခင်မောင်ဦး၊ ဦးမြင့်သိန်း၊ ဦးကိုကိုလွင်၊ ဦးသန်းအောင်ကျော်၊ ဦးခင်ဇော်၊ ဦးသန်းထွတ်သိန်း၊ ဦးအောင်မြင့်လွင်၊ ဦးခင်မောင်ကြီး၊ ဦးမျိုးမောင်၊ ဦးကြည်သိန်း၊ ဒေါ်ခင်သင်းဝေတို့ ပါဝင်သည့် စုံညီခုံရုံးသည် ယနေ့ နံနက် ၁၀ နာရီအချိန်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ရုံးအမှတ် (၂၂) စုံညီခုံရုံး၌ ရုံးထိုင်၍ ရွေးကောက်ပွဲကန့်ကွက်လွှာ အယူခံမှုအမှတ်(၂/၂၀၂၆)ကို ဆုံးဖြတ်ချက်(အမိန့်) ချမှတ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကျောက်တန်းမြို့နယ်၌ မြို့နယ်သမဝါယမအသင်း အစည်းအဝေးကျင်းပ



**ကျောက်တန်း စက်တင်ဘာ ၁၄**

ကျောက်တန်းမြို့နယ်၌ မြို့နယ်သမဝါယမအသင်းစု လီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့ဝင်များ အသင်းသားစာရင်းစစ်များ ရွေးချယ်တင်မြှောက်ခြင်း အခမ်းအနားကို ကျောက်တန်းမြို့နယ် အသင်းစုခန်းမ၌ ယနေ့ နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင်တိုင်းဒေသကြီး ဖွံ့စည်းရေး ကော်မရှင်ဥက္ကဋ္ဌ တိုင်းဒေသကြီး ဦးစီးမှူး ဒေါ်ဥမ္မာမြင့်က သမဝါယမ ဥပဒေသစ်အရ ဒါရိုက်တာအဖွဲ့ဝင်သစ်များ ရွေးချယ်တင်မြှောက်ပြီး တာဝန်ခွဲဝေခြင်း၊ ကတိသစ္စာခံယူခြင်းများ ဆောင်ရွက်သည်။

ယင်းနောက် အသင်းဝင် အခြေခံအသင်းများအား အစုပေါ်အမြတ်ငွေ ကျပ် ၃၅၂၀၂၂၀ ကို ပေးအပ်ခဲ့ပြီး နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေဖြင့် ဆောင်ရွက်သည့်အသင်းများ အနက် သွင်းအားစုငွေများကို အစောဆုံး ပြန်လည်ပေးဆပ်ခဲ့သည့် ရွှေကံကော်အသင်းအား ဂုဏ်ပြုဆု ပေးအပ်ခဲ့ကြောင်း သိရသည်။

**သန့်ဇင်ထွန်း**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော် ရန်ကုန်မြို့ရှိ ရုရှားသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Iunak အား လက်ခံတွေ့ဆုံ



**နေပြည်တော် စက်တင်ဘာ ၁၄**

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ကံဇော်သည် ရန်ကုန်မြို့ရှိ ရုရှားသံရုံးမှ စီးပွားရေးသံမှူး Mr. Andrei Iunak အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ရုံးအမှတ် (၂၆) ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံတို့အကြား ဘဏ်လုပ်ငန်းနှင့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ နှစ်နိုင်ငံအကျိုးတူပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

Mr. Andrei Iunak အနေဖြင့် ရန်ကုန်မြို့ရှိ ရုရှားသံရုံးတွင် စီးပွားရေးသံမှူးအဖြစ် တာဝန်ထမ်းဆောင်မှု ပြီးဆုံးပြီဖြစ်သဖြင့် ပြည်ထောင်စုဝန်ကြီးအား ဂါရဝပြုနှုတ်ဆက်ရန် လာရောက်တွေ့ဆုံခြင်းဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ညှိနှိုင်းဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၁၄**

ဗီယက်နမ် ခရီးသွားဧည့်သည်များ ပိုမိုလာရောက်လည်ပတ်နိုင်စေရန် ဗီယက်နမ်နိုင်ငံမှ ခရီးသွားကုမ္ပဏီများနှင့် သတင်းမီဒီယာများပါဝင်သော ရင်းနှီးကျွမ်းဝင်မှုဆိုင်ရာခရီးစဉ် (FAM Trip) များ စီစဉ်ဖိတ်ခေါ်ပြီး မြန်မာနိုင်ငံ၏ ထင်ရှားကျော်ကြားသည့် ခရီးစဉ်ဒေသများကို ပို့ဆောင်ပေးခြင်းဖြင့် ဧည့်သည်များအနေဖြင့် ခရီးစဉ်ဒေသများ၏ သာယာလှပမှု၊ လုံခြုံစိတ်ချရမှု၊ သဘာဝအရင်းအမြစ်များ ပေါကြွယ်ဝမှုစသည့် နိုင်ငံ၏ပကတိအခြေအနေမှန်များကို မျက်မြင်ကိုယ်တွေ့ သိရှိပြီး ယုံကြည်စိတ်ချစွာ လာရောက်လည်ပတ်နိုင်ကြမည်ဖြစ်ကြောင်း ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မြင့်က ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါဝန်ကြီးဌာန ကျောက်စိမ်းခန်းမ၌ ကျင်းပသည့် မြန်မာ-ဗီယက်နမ် ခရီးသွားလုပ်ငန်းမြှင့်တင်ရေး ညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။



ထို့အတူ ဒုတိယဝန်ကြီး ဦးဖြိုးဇော်စိုးက မြန်မာ-ဗီယက်နမ် နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းများ အပြန်အလှန်တိုးမြှင့်ဆောင်ရွက်နိုင်ရေးကိစ္စရပ်များ၊ နှစ်နိုင်ငံ ခရီးသွားလုပ်ငန်းရှင်များ အပြန်အလှန် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ဆောင်ရွက်နိုင်မည့် အခွင့်အလမ်းများနှင့် မြန်မာနိုင်ငံသို့ ဗီယက်နမ်နိုင်ငံမှ ခရီးသွားဧည့်သည်များ ပိုမိုသိရှိပြီး လာရောက် လည်ပတ်စေရေး ဆောင်ရွက်နိုင်မည့် နည်းလမ်းများကို ဆွေးနွေးပြောကြားသည်။

အလားတူ အစည်းအဝေးသို့ Online မှ ပါဝင်တက်ရောက်ကြသည့် မြန်မာနိုင်ငံဆိုင်ရာ ဗီယက်နမ်သံရုံးမှ ဂုဏ်ထူးဆောင် ကောင်စစ်ဝန် Ms. LE NGUYEN NGOCTRINH၊ ဗီယက်နမ်နိုင်ငံမှ ခရီးသွားကုမ္ပဏီများနှင့် ဗီယက်နမ်လေကြောင်းလိုင်းများမှ တာဝန်ရှိသူများက နှစ်နိုင်ငံခရီးသွားလုပ်ငန်း မြှင့်တင်မှုဖော်ဆောင်နိုင်ရန် အကြံပြုဆွေးနွေးကြသည်။

ဆက်လက်၍ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှု ဦးစီးဌာန၊ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၊ ဟိုတယ်နှင့် ခရီးသွားဆိုင်ရာ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များ၊ မြန်မာ-ဗီယက်နမ် ချစ်ကြည်ရေးအသင်းမှ တာဝန်ရှိသူများ၊ MAI လေကြောင်းလိုင်းမှ တာဝန်ရှိသူများနှင့် ဟိုတယ်နှင့်ခရီးသွားလုပ်ငန်းရှင်များ၏ သက်ဆိုင်ရာကဏ္ဍအလိုက် အကြံပြုဆွေးနွေးမှုများအပေါ် ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ပြန်လည်သုံးသပ် ဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ကျိုင်းတုံမြို့၌ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ် C.T.M.E အခမ်းအနား ကျင်းပ

**ကျိုင်းတုံ စက်တင်ဘာ ၁၄**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့၌ တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ် ပညာပေးရေးအစီအစဉ် C.T.M.E အခမ်းအနားကို စက်တင်ဘာ ၁၃ ရက်က (၂၅) ခုတင်ဆံ့ တိုင်းရင်းဆေးရုံ(ကျိုင်းတုံ)၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနိုးဝေက အမှာစကားပြောကြားပြီး ကျိုင်းတုံတိုင်းရင်းဆေးရုံအုပ် ဦးမြင့်ခိုင်က နှလုံးရောဂါအကြောင်း စာတမ်းဖတ်ကြားပြီး ကျိုင်းတုံ တက္ကသိုလ်မှ ဒုတိယပါမောက္ခချုပ်နှင့် ဆရာ ဆရာမများ၊ ပြည်နယ်ကုသရေးနှင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ကျိုင်းတုံခရိုင်နှင့် မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှူးများ၊ ကျိုင်းတုံ ဒုတိယတိုင်းရင်းဆေးရုံအုပ်နှင့် ဝန်ထမ်းများ၊ ကျိုင်းတုံ/တာချီလိတ်ခရိုင်တိုင်းရင်းဆေးအသင်းနှင့် ဖိတ်ကြားထားသူများက ပြန်လည်မေးမြန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**



# ကျိုက်ထိုမြို့နယ်၌ ကတ္တရာလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်

**ကျိုက်ထို စက်တင်ဘာ ၁၄**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေဖြင့် တာဝန်ယူဆောင်ရွက်နေသည့် တောင်ကလေး ကျေးရွာ တောင်ကလေး-ကွင်းကလေး - ဝင်းပြန် - ငယ်ဒို လမ်း ကတ္တရာလမ်းခင်းရန်အတွက် Sub-base လွှာခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို မွန်ပြည်နယ် တာဝန်ခံအင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများက စက်တင်ဘာ ၁၄ ရက် မွန်းလွဲပိုင်းတွင် ကွင်းဆင်းစစ်ဆေးသည်။



ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ကျေးရွာနေပြည်သူများ လမ်းပန်းဆက်သွယ်ရေး လွယ်ကူချောမွေ့ပြီး ဒေသထွက် စိုက်ပျိုးရေး၊ မွေးမြူရေးထုတ်ကုန်များ လွယ်လင့်တကူ ရောင်းဝယ်နိုင်ခြင်းဖြင့် လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်လာနိုင်စေရေး အတွက် တောင်ကလေး ကျေးရွာ တောင်ကလေး -ကွင်းကလေး-ဝင်းပြန်-ငယ်ဒိုလမ်း ကတ္တရာခင်းရန်အတွက် Sub-base လွှာခင်းခြင်းလုပ်ငန်းကို ဩဂုတ် ၅ ရက်မှစတင် ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၀ ရက်တွင်လုပ်ငန်းများ ၃၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ကွမ်းခြံကုန်းမြို့နယ်၌ လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

**ကွမ်းခြံကုန်း စက်တင်ဘာ ၁၄**

ရန်ကုန် တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းကျင်းပသည့် စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှု အခမ်းအနားနှင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ၊ ပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက တော်ခရမ်းကြီးကျေးရွာ အထက်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ကွမ်းခြံကုန်းမြို့နယ် ပညာရေးမှူး ဒေါ်အေးသန္တာစိုးက အမှာစကားပြောကြားပြီး ကွမ်းခြံကုန်းမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိက လူငယ်နှင့် စာပေအကြောင်းအရာ၊ မြို့နယ်တိုင်းရင်းဆေးပညာဦးစီးဌာနမှ လက်ထောက်တိုင်းရင်းဆေးမှူးက တိုင်းရင်းဆေးအကြောင်း သိကောင်းစရာတို့ကို ဟောပြောသည်။

ထို့နောက် ပုံပြင်ပြောပြိုင်ပွဲ၊ ကဗျာရွတ်ဆိုပြိုင်ပွဲ၊ ဂိမ်းကစားပြိုင်ပွဲများ ဆက်လက်ကျင်းပရာ မူလတန်းအဆင့်၊ ကျောင်းသားကျောင်းသူများ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။ ဆက်လက်၍ ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**






# လှည်းကူးမြို့နယ်၌ ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အထိမ်းအမှတ် အသိပညာပေးဆွေးနွေး

**ရန်ကုန် စက်တင်ဘာ ၁၄**

လှည်းကူးမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနတို့ပူးပေါင်း၍ လူထုအခြေပြုဗဟိုဌာနတွင် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့ အထိမ်းအမှတ် အသိပညာပေးဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။ ထိုသို့ ကျင်းပရာ လှည်းကူးမြို့နယ် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ဥမ္မာလင်းက စက်တင်ဘာ ၁၆ ရက်တွင် ကျရောက်မည့် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အကြောင်း သိကောင်းစရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မိမိဒီဂျစ်တယ်ကိုယ်ပွား၊ လုံလုံခြုံခြုံကာကွယ်ထား

မောင်ပီတိ

**ရန်ကုန်မြို့၏ သာယာသောညနေခင်းတစ်ခုဖြစ်သည်။ နေရောင်ခြည် အနီရောင်သန်းစပြုချိန်ဖြစ်၍ ရပ်ကွက်ထဲရှိ လမ်းမများပေါ်တွင် သွားလာလှုပ်ရှားသူများဖြင့် စည်ကားလျက်ရှိသည်။ ရပ်ကွက်ထိပ်ရှိ ဒေါ်လှ၏ ကုန်စုံဆိုင်ရှေ့တွင်တော့ အမြဲတမ်းလိုလို ညနေခင်း လေညင်းခံရင်း စကားဝိုင်းဖွဲ့လေ့ရှိသည့် အငြိမ်းစားကျောင်းအုပ်ဆရာကြီး ဦးဘ၊ အွန်လိုင်းမှတစ်ဆင့် အဝတ်အထည်နှင့် အလှကုန်ပစ္စည်းများ ရောင်းချနေသည့် အွန်လိုင်းဈေးသည်လေး မသီတာနှင့် နည်းပညာကုမ္ပဏီတစ်ခုတွင် တာဝန်ထမ်းဆောင်နေသော လူငယ် မောင်ပီတိတို့ ရောက်ရှိနေကြသည်။**

ဒေါ်လှက ဆိုင်ရှေ့ရှိ ပလတ်စတစ်ကုလားထိုင်များကို နေရာချပေးရင်း "ကဲ...ဆရာကြီးနဲ့ သီတာတို့ ထိုင်ကြဦး။ ဒီနေ့တော့ ရာသီဥတုက တော်တော်လေး ပူတယ်နော်။ မောင်ပီတိကော အလုပ်ကနေ အခုမှ ပြန်ရောက်တာလား"ဟု နှုတ်ဆက်လိုက်သည်။

မောင်ပီတိက လွယ်အိတ်ကိုချရင်း "ဟုတ်တယ် အန်တီလှရေ... ဒီနေ့အလုပ်မှာ Meeting တွေများနေလို့ နည်းနည်းနောက်ကျသွားတာ"ဟု ပြန်ဖြေသည်။

ထိုအချိန်တွင် ဦးဘ၏ ကိုယ်ကျပ်အိတ်ကပ်ထဲရှိ စမတ်ဖုန်းလေးထံမှ 'တီ' ဆိုသော အသံတစ်ခု ထွက်ပေါ်လာသည်။ ဦးဘက မျက်မှန်ကို သေချာတပ်ကာ ဖုန်းကို ထုတ်ကြည့်လိုက်သည်။ ဖန်သားပြင်ကိုကြည့်ရင်း ဦးဘ၏မျက်မှန်အောက်မှ မျက်လုံးများကျယ်သွားပြီး မျက်နှာပေါ်တွင် အံ့ဩဝမ်းသာသည့် အရိပ်အယောင်များပေါ်လာသည်။

"မောင်ပီတိရေ... မင်း ဒီဖုန်းလေး နည်းနည်းလာကြည့်ပေးစမ်းပါဦးကွာ။ ငါ့ဖုန်းထဲကို မက်ဆေ့ချ်တစ်ခုဝင်လာတယ်။ 'လူကြီးမင်း၏ ဖုန်းနံပါတ်သည် ကံစမ်းမဲ သိန်း ၅၀ ပေါက်ပါသည်' ဆိုလားပဲ။ လင့်(ခ်)လေးနှိပ်ပြီး ငွေလွှဲလက်ခံဖို့ KPay PIN လေး ထည့်ခိုင်းနေလို့။ ငါလည်း မျက်စိက သိပ်မကောင်းတော့ သေချာမမြင်ရဘူးဖြစ်နေတယ်"ဟုဆိုကာ ဦးဘက ဖုန်းကို မောင်ပီတိထံသို့ လှမ်းပေးလိုက်သည်။

မောင်ပီတိက ဖုန်းကို လှမ်းယူကြည့်လိုက်ပြီးနောက် ချက်ချင်းပင် မျက်မှောင်ကြုတ်သွားသည်။ ထို့နောက် သက်ပြင်းတစ်ချက်ချကာ ဖုန်းကို ဦးဘထံပြန်ပေးလိုက်ပြီး "ဟာ...ဦးဘ၊တော်သေးတာပေါ့ ကျွန်တော့်ကို အရင်ပြလို့။ ဒါ နိုင်ငံခြားကဖြစ်ဖြစ်၊ ပြည်တွင်းကဖြစ်ဖြစ် လိမ်စားနေတဲ့ လူလိမ်တွေပို့တဲ့ လင့်(ခ်)အတုခင်ဗျ။ ဦးဘသာ အဲဒီလင့်(ခ်)ကိုနှိပ်ပြီး ကိုယ်ရေးကိုယ်တာ အချက်အလက်တွေ၊ PIN နံပါတ်တွေ ထည့်လိုက်ရင် ဦးဘအကောင့်ထဲက စုဆောင်းထားတဲ့ပိုက်ဆံတွေ အကုန်ပါသွားတော့မှာ။ အခုခေတ်က အပြင်မှာ လူကိုယ်တိုင် လာလိမ်တာထက် ဖုန်းထဲကနေလှမ်းလိမ်နေကြတာ ပိုများတယ်ဗျ။"

ဘေးနားတွင်ထိုင်နေသော မသီတာကလည်း ထိတ်လန့်သွားသည့်ဟန်ဖြင့် "ဟုတ်တယ် ဦးဘရဲ့။ သမီးသူငယ်ချင်းဆို ပြီးခဲ့တဲ့လကပဲ သူ့ဖေ့စ်ဘွတ်အကောင့် အဟက်ခံရလို့လေ။ သူ့အကောင့်ကနေ သူငယ်ချင်းတွေဆီ 'အရေးပေါ်ငွေလိုနေလို့ K Pay ကနေ ငါးသောင်းလောက် လွှဲပေးပါ'ဆိုပြီး လိုက်ချေးတာ။ တော်တော်လေး ပြဿနာတက်သွားတာ။ ဖုန်းတစ်လုံးကို သုံးတတ်ရုံနဲ့ မရတော့ဘူး၊ လုံခြုံအောင် ဘယ်လိုကာကွယ်ရမလဲဆိုတာပါ သိမှဖြစ်တော့မယ်"လို့ ဝင်ရောက်ထောက်ခံလိုက်သည်။

ဆိုင်ရှင် ဒေါ်လှကလည်း ကွမ်းယာထုပ်နေရင်းမှ "အေးဟယ်... ငါလည်းဆိုင်မှာ ပစ္စည်းဖိုးရှင်းရင် ဖုန်းနဲ့ပဲ အမြဲရှင်းနေရတာဆိုတော့ နားထောင်ရင်းနဲ့ ကြက်သီးတောင် ထလာပြီ။ ကိုယ့်ဖုန်းထဲမှာက ဘဏ်အကောင့်တွေကော အကြွေးမှတ်ထားတဲ့ စာရင်းတွေကော အကုန်ရှိတာ"ဟု စိုးရိမ်တကြီး ဝင်ပြောသည်။

ဦးဘက ခေါင်းတညိတ်ညိတ်ဖြင့် "အေးကွာ... ငါတို့လို အသက်ကြီးတဲ့လူတွေက ဒီဖုန်းတွေကို သုံးသာသုံးနေတာ၊ ဘယ်လိုကာကွယ်ရမလဲဆိုတာ သေချာနားမှမလည်တာ။ မင်းတို့လူငယ်တွေက သိရင်လည်း ငါတို့ကိုနားလည်အောင်၊ နေ့တိုင်း သတိထားလို့ရအောင် သေချာလေး ရှင်းပြကြဦးလေ"ဟု တောင်းဆိုလိုက်သည်။




မောင်ပီတိက ပြုံးပြီး ခေါင်းညိတ်လိုက်သည်။

"သေချာတာပေါ့ ဦးဘရဲ့။ ဖုန်းလုံခြုံရေးဆိုတာ တကယ်တော့ သိပ်ခက်ခဲတဲ့ကိစ္စကြီးမဟုတ်ပါဘူး။ ကိုယ့်ရဲ့ နေ့စဉ်အကျင့်လေးတွေကို နည်းနည်းပြင်လိုက်ရုံပါပဲ။ ဒီနေ့ခေတ်မှာ ဖုန်းတစ်လုံးရှိရုံနဲ့ အင်တာနက်အသုံးပြုပြီး အချင်းချင်းဆက်သွယ်တာ၊ သီချင်းနားထောင်တာ၊ ဇာတ်ကားကြည့်တာတွေအပြင် ငွေလွှဲငွေထုတ်တာနဲ့ ဈေးဝယ်တာတွေကိုပါ လွယ်လွယ်ကူကူနဲ့ လုပ်နိုင်လာပြီလေ။ ဟိုးအရင်တုန်းက ဖုန်းဆိုရင် "ဟယ်လို"လို့ နှုတ်ဆက်ပြီး ဖုန်းခေါ်ဖို့နဲ့ စာတိုပို့ဖို့အတွက်ပဲ အသုံးပြုခဲ့ကြပေမယ့် နည်းပညာတွေ အရှိန်အဟုန်နဲ့ တိုးတက်လာတဲ့ ဒီနေ့ခေတ်မှာတော့ မိုဘိုင်းဖုန်းက ဆက်သွယ်ရေးကိရိယာတစ်ခုအဖြစ်သာမကဘဲ ကျွန်တော်တို့ရဲ့ ငွေကြေးဆိုင်ရာ လုပ်ငန်းတွေကို ဆောင်ရွက်နိုင်တဲ့ "ဒီဂျစ်တယ်ပိုက်ဆံအိတ်" တစ်ခု ဖြစ်လာပါတယ်။"

မသီတာက "ဟုတ်တယ် မောင်ပီတိ။ အခုဆို သမီးတို့ ဈေးဝယ်ရင်လည်း ဖုန်းပဲ၊ ပိုက်ဆံလွှဲရင်လည်း ဖုန်းပဲ။ မှတ်ပုံတင်၊ ဓာတ်ပုံတွေကအစ ဖုန်းထဲမှာပဲ သိမ်းထားတာ"ဟု ထောက်ခံသည်။

မောင်ပီတိက ဆက်လက်၍ "အဲဒါကြောင့်မို့ ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို သိမ်းဆည်းထားတဲ့ "ဒီဂျစ်တယ်မှတ်တမ်း" တစ်ခုနဲ့ နေ့စဉ်ဘဝရဲ့ မရှိမဖြစ် အစိတ်အပိုင်းတစ်ခုလည်း ဖြစ်လာပြီလေ။ ဒါပေမဲ့ မိုဘိုင်းဖုန်းရဲ့အရေးပါမှု မြင့်မားလာတာနဲ့အမျှ လုံခြုံရေးဆိုင်ရာ အန္တရာယ်တွေကလည်း တိုးပြီးဖြစ်လာပါတယ်။ ဖုန်းပျောက်ဆုံးတာတွေ၊ သူခိုးခိုးခံရတာတွေ၊ ဖုန်းထဲက ကိုယ်ရေးအချက်အလက်တွေ ခိုးယူခံရတာတွေ ဒါမှမဟုတ် အကောင့်တွေကို အလွဲသုံးစားလုပ်ခံရတာတွေ ကြုံလာပြီဆိုရင်တော့ ငွေကြေးဆုံးရှုံးမှုတွေသာမက ကိုယ့်ရဲ့ ကိုယ်ရေးကိုယ်တာ လုံခြုံမှု၊ မိသားစုနဲ့ လူမှုဂုဏ်သိက္ခာတွေကိုပါ ထိခိုက်စေနိုင်ပါတယ်။"

ဦးဘက သက်ပြင်းချကာ "အေးပါကွာ..ငါလည်း အခုမှပဲ သဘောပေါက်တော့တယ်။ ဒါဆို ငါတို့ဖုန်းတွေကို သူခိုး ဓားပြရန်ကနေ၊ အွန်လိုင်းက လူလိမ်တွေရန်ကနေ ဘယ်လိုကာကွယ်ရမလဲဆိုတာ သေချာလေးပြောပြပါဦး"ဟု မေးမြန်းလိုက်သည်။

မောင်ပီတိက ကိုယ်ဟန်ကို နည်းနည်းပြင်ထိုင်လိုက်ပြီး လည်ချောင်းရှင်းလိုက်ရင်း သေသေချာချာ စပြီးရှင်းပြပါတော့သည်။

"ပထမဆုံးအနေနဲ့ ဒီဂျစ်တယ်ပိုက်ဆံအိတ် ဒါမှမဟုတ် ဒီဂျစ်တယ် ဘဏ်စာအုပ်ဖြစ်တဲ့ ကိုယ့်ရဲ့ လက်ကိုင်ဖုန်းကို အရေးပေါ်ဖုန်းဆက်ဖို့ဆိုပြီး အခြားသူတွေကို ငှားမပေးဖို့နဲ့ ဖုန်းပျက်လို့ ဖုန်းဆိုင်တွေကို အပ်ဖို့လိုလာပြီဆိုရင် ကိုယ့်ရဲ့မီဒီယာတွေနဲ့ အကောင့်တွေကို Log out လုပ်ဖို့နဲ့ စိတ်ချရပြီး ရင်းနှီးတဲ့ဖုန်းဆိုင်ကိုသာ အပ်နှံပြီး ပြင်သင့်ပါတယ် ဦးဘနဲ့ အန်တီလှတို့ရေ။ ဒ့ါအပြင် အစိုးရနဲ့ ဆိုက်ဘာလုံခြုံရေး ပညာရှင်တွေက ပြည်သူတွေ အလွယ်တကူ မှတ်သားနိုင်အောင် PRI–FLOWS ဆိုတဲ့ လုံခြုံရေးအခြေခံမူလေးကို ချမှတ်ထားပါတယ်။ ဒီအချက်လေးတွေကို လိုက်နာရင် ဖုန်းလုံခြုံရေးအတွက် အများကြီးစိတ်ချရပြီ။ ဒါကြောင့် အားလုံး သိထားရမယ့် **မိမိ မိုဘိုင်းဖုန်းကို ဘယ်လိုကာကွယ်ကြမလဲ**ဆိုတဲ့ ခေါင်းစဉ်အောက်ကနေ ဒီ **PRI–FLOWS** အချက်လေးတွေနဲ့ အရေးကြီးတဲ့ အလေ့အကျင့်တွေကို တစ်ခါတည်းပေါင်းပြီး ရှင်းပြမယ်။"

**မိမိ မိုဘိုင်းဖုန်းကို ဘယ်လိုကာကွယ်ကြမလဲ**

မောင်ပီတိက လက်တစ်ချောင်းကို ထောင်ပြလိုက်ပြီး "ပထမဆုံး PRI–FLOWS ရဲ့ **P** ပါ။ **P** ဆိုတာ Password နဲ့ PIN တွေကို ပြောတာပါ။"

"လူအများစုက ဖုန်းသုံးရတာ လွယ်အောင်ဆိုပြီး ဘာ Password မှ မခံထားကြဘူး။ အဲဒါက အိမ်တံခါးကို မပိတ်ဘဲ အပြင်ထွက်သွားသလိုပဲ။ ဒါကြောင့် ဖုန်းကိုအသုံးမပြုချိန်တိုင်း အလိုအလျောက် ပိတ်ဖြစ်အောင်ထားပြီး ပြန်ဖွင့်ရာတွင် လျှို့ဝှက်နံပါတ် (PIN)၊ မျဉ်းဆွဲပုံစံ (Pattern) သို့မဟုတ် လက်ဗွေ (Fingerprint) စနစ်တစ်ခုခုကို မဖြစ်မနေ အသုံးပြုပါ။ ပြီးတော့ အဲဒီ လျှို့ဝှက်နံပါတ်တွေကို '1234' တို့၊ မိမိမွေးသက္ကရာဇ်တို့လို ခန့်မှန်းရလွယ်တာတွေ လုံးဝမပေးရဘူး။"

ဦးဘက ခေါင်းကုတ်ရင်း "ငါ့ဖုန်းက 1234 ပဲဟေ့.. အခုပဲ ချက်ချင်းပြောင်းမှပါ"ဟုဆိုကာ ဖုန်းကို ထုတ်၍ ကုတ်နံပါတ် ပြင်ဆင်လေသည်။

မောင်ပီတိက ပြုံး၍ ဆက်ပြောသည်။ "နောက်တစ်ခုက PRI–FLOWS ရဲ့ **R** ဖြစ်တဲ့ Regular check က ပုံမှန်စစ်ဆေးတာပါ။ App တွေက တောင်းတဲ့ ခွင့်ပြုချက်တွေကို စိစစ်ရမယ်။ ပြီးတော့ ဆော့ဖ်ဝဲတွေကို အမြဲ Update လုပ်ပေးရမယ်။ ပိုအရေးကြီးတာတစ်ခုက ကိုယ်ရေးကိုယ်တာ အချက်အလက်တွေကို သိမ်းဆည်းတဲ့ကိစ္စပဲ။"

"တချို့က မေ့တတ်လို့ဆိုပြီး ဖုန်းထဲမှာ အရေးကြီးတဲ့ လျှို့ဝှက်နံပါတ်တွေကို ရေးမှတ်ထားတတ်ကြတယ်။ ဒါက အလွန်အန္တရာယ်များတယ်။ ကိုယ့်ရဲ့ KPay နံပါတ်တွေ၊ ဖေ့စ်ဘွတ် စကားဝှက်တွေကို ဖုန်းထဲက "မှတ်စု" ထဲမှာဖြစ်စေ၊ ဖုန်း Contact စာရင်းထဲမှာ နာမည်တုတစ်ခုပေးပြီးဖြစ်စေ မမှတ်ထားပါနဲ့။ မေ့တတ်တယ်ဆိုရင်တော့ မှတ်စုစာအုပ်ငယ်ထဲမှာသာ ချရေးထားပါ။ ဖုန်းပျောက်သွားရင် အဲဒီဖုန်းထဲက မှတ်စုတွေကနေတစ်ဆင့် သူခိုးက အကောင့်တွေကို အလွယ်တကူ ဝင်နိုင်သွားလိမ့်မယ်။"

ဒေါ်လှက ဝင်၍ "အေးဟယ်.. အန်တီလည်း ငွေလွှဲတဲ့ PIN နံပါတ်ကို ဖုန်းထဲက Note ထဲမှာ မှတ်ထားတာ။ အခုပဲ ဖျက်ပစ်မှပါ" ဟုဆိုကာ သူ၏ဖုန်းကို ကပျာကယာနှိပ်လေသည်။

"ဟုတ်တယ် အန်တီလှ၊ အပြင်စာအုပ်လေးထဲမှာပဲ သေချာရေးပြီး အိမ်က သေတ္တာထဲထည့်ထားလိုက်ပါ။" ကဲ.. ဆက်ရအောင်။ **I** ကတော့ Inspection သေချာကြည့်ရှုစစ်ဆေးတာပါ။ အွန်လိုင်းကနေ ဖုန်းထဲကိုဝင်လာတဲ့ အီးမေးလ်တွေ၊ မက်ဆေ့ချ်တွေ၊ အသိပေးချက်တွေကို အပေါ်ယံကြည့်ပြီး မယုံဘဲ သေချာစစ်ရမယ်။ ဥပမာ – ဘဏ်က ပို့တယ်ဆိုရင်တောင် တရားဝင် အီးမေးလ်လိပ်စာ ဟုတ် မဟုတ်၊ စာလုံးပေါင်း မှားယွင်းနေတာရှိ မရှိ ကြည့်ရမယ်။ လိမ်တဲ့သူတွေက နာမည်ကို ခပ်ဆင်ဆင်လေးတွေ သုံးပြီး လှည့်စားတတ်ကြတယ်။ ဆော့ဖ်ဝဲစနစ်တွေနဲ့ အက်ပ်တွေကိုလည်း အမြဲမပြတ်ကြည့်ရှုစစ်ဆေးပြီး Update လုပ်ပေးဖို့လိုပါတယ်။

**ဒီနေ့ခေတ်မှာ "မိုဘိုင်းဖုန်း"ဆိုတာက စကားပြောဆက်သွယ်ရေးကိရိယာ တစ်ခုတည်းမဟုတ်တော့ဘဲ ကျွန်တော်တို့ရဲ့ ငွေကြေးအချက်အလက်တွေ၊ ကိုယ်ရေးကိုယ်တာလျှို့ဝှက်ချက်တွေနဲ့ ဒီဂျစ်တယ်ဘဝတစ်ခုလုံးကို သယ်ဆောင်ထားတဲ့ အရေးကြီးလှတဲ့ "ဒီဂျစ်တယ်ကိုယ်ပွား"တစ်ခုဖြစ်နေပါပြီ။ ဒါကြောင့် ဖုန်းလုံခြုံရေးကိုဂရုမစိုက်ဘဲ လျစ်လျူရှုခြင်းက ကိုယ့်ရဲ့ငွေကြေးနဲ့ ဂုဏ်သိက္ခာကို အန္တရာယ်ထဲကို ပို့နေတာနဲ့တူပါတယ်။ ကျွန်တော်တို့ရပ်ကွက်ထဲက လူတွေအားလုံး ဒီ PRI-FLOWS နည်းလမ်းလေးတွေကို အမြဲသတိထားပြီး လိုက်နာမယ်ဆိုရင် ကိုယ့်ရဲ့ 'ဒီဂျစ်တယ်ကိုယ်ပွား' လေးကို လုံလုံခြုံခြုံနဲ့ စိတ်ချမ်းချမ်းသာသာ အသုံးပြုနိုင်မှာပဲဖြစ်ပါတယ်**

စာမျက်နှာ ၇ သို့ ☆

☆ စာမျက်နှာ ၆ မှ

PRI–FLOWS ရဲ့ F ကတော့ File လို့ခေါ်တဲ့ ဖိုင်တွေ၊ အချက်အလက်တွေဖြစ်ပါတယ်။ အင်တာနက်ဒါမှမဟုတ် မက်ဆေ့ချ်ကနေ ကိုယ်သေချာမသိတဲ့ဖိုင် (File) တွေကို လွယ်လွယ်နဲ့ ဒေါင်းလုတ်မလုပ်ဖို့ပါ။ အဲဒီဖိုင်တွေထဲမှာ ဖုန်းထဲကအချက်အလက်တွေကိုခိုးယူမယ့် ဗိုင်းရပ်စ် (Virus/Malware) တွေပါလာနိုင်တယ်။

"နောက်ထပ် အရေးကြီးဆုံးက L ပါ။ L ဆိုတာ Links တွေကို သတိထားဖို့။ ဥပမာ ခုနက ဦးဘဆီဝင်လာတဲ့စာမျိုး၊ မသိတဲ့ Viber နံပါတ်တွေကနေ နိုင်ငံခြားစာတွေနဲ့လာတဲ့ လင့်(ခ်)မျိုးတွေကို လုံးဝမနှိပ်ရဘူး။ ဒါတွေက ဖုန်းထဲကို ဗိုင်းရပ်(စ်)သွင်းပြီး အချက်အလက်တွေ ခိုးယူမယ့် ထောင်ချောက်တွေပဲ။"

မသီတာက ဝင်ထောက်သည်။ "ဟုတ်တယ်နော်၊ အခုဆို Viber မှာ မသိတဲ့ နံပါတ်တွေကနေ လင့်(ခ်)တွေ ပို့ပို့လာတတ်တယ်။ သမီးကတော့ အဲဒါဆို အကုန်ဘလော့တာပဲ။"

"မှန်တယ် မသီတာ။ နောက်တစ်ခု O ဆိုတာကတော့ OTP တွေကို ဂရုစိုက်ဖို့ပါ။ ဖုန်းထဲကိုဝင်လာတဲ့ တစ်ကြိမ်သုံးလျှို့ဝှက်ကုတ် OTP ဟာ ကိုယ့်ရဲ့နောက်ဆုံးခံတပ်ပဲ။ ဘဏ်ဝန်ထမ်း၊ အစိုးရဝန်ထမ်း အပါအဝင် ဘယ်သူကပဲ ဖုန်းဆက်တောင်းတောင်း လုံးဝမပေးရဘူးဆိုတာ သတိထားရမယ်။

လူမှုကွန်ရက်တွေပေါ်မှာ ကိုယ့်ရဲ့မှတ်ပုံတင်တွေ၊ ဘဏ်အကောင့်တွေ မတင်သင့်ဘူး။ ပြီးတော့ ဖုန်းထဲကိုဝင်လာတဲ့ ဂဏန်းခြောက်လုံးပါတဲ့ တစ်ကြိမ်တစ်ခါသုံးလျှို့ဝှက်ကုတ် OTP (One Time Pass–word) ကို ဘယ်သူက ဖုန်းဆက်တောင်းတောင်း လုံးဝမပေးရဘူး။ အစိုးရဝန်ထမ်း၊ ဘဏ်ဝန်ထမ်း ဘယ်သူမှ OTP ကို မတောင်းဘူးဆိုတာ မြဲမြဲမှတ်ထားပါ။"

"နောက်တစ်ခု W ကတော့ WiFi လုံခြုံရေးပါ။ အပြင်ရောက်တဲ့အခါ ကော်ဖီဆိုင်တွေ၊ ကားဂိတ်တွေမှာ Free WiFi ရရင် အလွယ်တကူသုံးပြီး ငွေလွှဲတာမျိုး၊ အရေးကြီးတဲ့ အကောင့်ဝင်တာမျိုး လုံးဝမလုပ်သင့်ဘူး။ သူခိုးတွေက အဲဒီလုံခြုံမှုမရှိတဲ့ WiFi ကနေတစ်ဆင့် ကိုယ့်အချက်အလက်တွေကို ကြားဖြတ်ခိုးယူသွားနိုင်တယ်။"

"နောက်ဆုံး S ကတော့ Share လို့ခေါ်တဲ့ မျှဝေတာကို သတိထားဖို့ပါ။ အွန်လိုင်းလူမှုကွန်ရက်တွေပေါ်မှာ ကိုယ့်ရဲ့ကိုယ်ရေးကိုယ်တာ အချက်အလက်တွေ၊ မှတ်ပုံတင်၊ ဘဏ်အကောင့် စာရွက်စာတမ်းတွေ၊ ခရီးသွားမယ့်အစီအစဉ်တွေနဲ့ နေရပ်လိပ်စာတွေ အလွန်အကျွံမျှဝေတာတွေကို အထူးသတိထားဆင်ခြင်ဖို့ပါ။ လိမ်လည်သူတွေက ကိုယ်မျှဝေလိုက်တဲ့အချက်အလက်တွေကိုသုံးပြီး ခြေရာခံလိမ်လည်နိုင်လို့ပါ။"

စကားဝိုင်းမှာ ခဏတာ တိတ်ဆိတ်သွားသည်။ အားလုံးက မောင်ပီတိပြောပြသည့်အချက်များကို ခေါင်းထဲတွင် စဉ်းစားမှတ်သားနေကြသည်။ ထိုစဉ် ဒေါ်လှက စိုးရိမ်တကြီးဖြင့် မေးခွန်းတစ်ခု ထပ်မေးလိုက်သည်။

"မောင်ပီတိရယ်.. မင်းပြောတဲ့အတိုင်း အန်တီတို့ကတော့ သတိထားပါ့မယ်။ ဒါပေမဲ့ လူဆိုတာ သတိလွတ်တတ်တဲ့ အချိန်ရှိတယ်လေ။ အပြင်သွားရင်း ကားပေါ်မှာ ဖုန်းအခိုးခံရတာမျိုး၊ ဒါမှမဟုတ် ဈေးထဲမှာ ဖုန်းကျန်ခဲ့တာမျိုး တကယ်လို့ဖြစ်သွားခဲ့ရင် ဘယ်လိုလုပ်ရမလဲ။ ဖုန်းထဲက ငွေတွေ၊ အချက်အလက်တွေ အကုန်ပါသွားပြီလား"

မောင်ပီတိက ဒေါ်လှကို စိတ်အေးစေရန် ပြုံးပြလိုက်ပြီး "အန်တီလှ အလွန်မပူပါနဲ့။ အဲဒီလို အခြေအနေမျိုးကြုံလာခဲ့ရင် ချက်ချင်းလုပ်ရမယ့် အရေးပေါ်အဆင့်တွေ ရှိပါတယ်။"

"တကယ်လို့ ဖုန်းပျောက်ဆုံးသွားခဲ့ရင် ဒီအချက်တွေကို ချက်ချင်းလုပ်ဖို့တော့ လိုလိမ့်မယ် အန်တီလှရေ –

• ပထမဆုံးအနေနဲ့ ကိုယ်သုံးနေတဲ့ ဘဏ်/KPay/AYA Pay/Wave Pay စတဲ့ မိုဘိုင်းသုံးဘဏ်အကောင့်တွေရဲ့ သက်ဆိုင်ရာ Call Center ကို ချက်ချင်းဆက်သွယ်ပြီး အကောင့်ကို ပိတ်ခိုင်းပါ။ (ဒီအတွက် ကိုယ့်မိသားစုဝင်တွေ ဒါမှမဟုတ် မိတ်ဆွေတွေရဲ့ဖုန်းကို အမြန်ငှားပြီး ဆက်ရပါမယ်။)

• ဒုတိယအချက်အနေနဲ့ ကိုယ်သုံးနေတဲ့ ဖုန်းဆင်းမ်ကတ်(Atom, MPT, Mytel, Ooredoo)ရဲ့ ရုံးဌာနကို သွားရောက်ပြီး ဆင်းမ်ကတ်ကို ပိတ်ခိုင်းပါ။ အဲဒီလိုဆင်းမ်ကတ်ကိုပါ ပိတ်လိုက်ပြီဆိုရင် လူလိမ်တွေက OTP ကုတ်တွေကို ထပ်ပြီးသုံးနိုင်တော့မှာ မဟုတ်ပါဘူး။ OTP မရရင် သူတို့ငွေလွှဲလို့လည်း မရတော့ပါဘူး။"

ဦးဘက အားရပါးရ ခေါင်းညိတ်လိုက်ပြီး "ဟာ... ရှင်းသွားပြီကွာ။ ဒီလိုအရေးပေါ် ဘယ်လိုလုပ်ရမလဲဆိုတာကို သိထားတော့ စိတ်နည်းနည်းအေးသွားတာပေါ့။ ငါတို့က ဖုန်းပျောက်ရင် အကုန်ပါသွားပြီလို့ပဲ ထင်နေကြတာကိုး"ဟု ဆိုသည်။

ညနေစောင်း လေညင်းလေးက ဆက်တိုက်တိုက်ခတ်နေပြီး ဒေါ်လှဆိုင်ရှေ့က စကားဝိုင်းလေးကတော့ ဖုန်းလုံခြုံရေး အသိပညာတွေနဲ့အတူ နွေးထွေးစွာ ဆက်လက်လည်ပတ်နေပါတော့သည်။ ရပ်ကွက်ထဲရှိ ကလေးငယ်များ၏ ခြင်းလုံးခတ်သံများ၊ လမ်းသွားလမ်းလာများ၏ စကားသံများအကြားတွင် သူတို့လေးဦး၏ ဆွေးနွေးမှုသည် အလွန်အကျိုးရှိလှပေသည်။

မောင်ပီတိက နိဂုံးချုပ်အနေဖြင့် "ဦးဘ၊ အန်တီလှနဲ့ မသီတာတို့ရေ အမြဲတမ်းသတိရနေရမယ့် အချက်လေးတစ်ခုကို ထပ်ပြောပြချင်ပါတယ်။ ဒီနေ့ခေတ်မှာ "မိုဘိုင်းဖုန်း" ဆိုတာက စကားပြောဆက်သွယ်ရေးကိရိယာတစ်ခုတည်း မဟုတ်တော့ဘဲ ကျွန်တော်တို့ရဲ့ ငွေကြေးအချက်အလက်တွေ၊ ကိုယ်ရေးကိုယ်တာ လျှို့ဝှက်ချက်တွေနဲ့ ဒီဂျစ်တယ်ဘဝတစ်ခုလုံးကို သယ်ဆောင်ထားတဲ့ အရေးကြီးလှတဲ့ "ဒီဂျစ်တယ်ကိုယ်ပွား" တစ်ခုဖြစ်နေပါပြီ။ ဒါကြောင့် ဖုန်းလုံခြုံရေးကို ဂရုမစိုက်ဘဲ လျစ်လျူရှုခြင်းက ကိုယ့်ရဲ့ငွေကြေးနဲ့ ဂုဏ်သိက္ခာကို အန္တရာယ်ထဲကို ပို့နေတာနဲ့တူပါတယ်။ ကျွန်တော်တို့ ရပ်ကွက်ထဲက လူတွေအားလုံး ဒီ PRI–FLOWS နည်းလမ်းလေးတွေနဲ့ အခုပြောပြခဲ့တဲ့ အချက်လေးတွေကို အမြဲသတိထားပြီး လိုက်နာမယ်ဆိုရင် ကိုယ့်ရဲ့ 'ဒီဂျစ်တယ်ကိုယ်ပွား' လေးကို လုံလုံခြုံခြုံနဲ့ စိတ်ချမ်းချမ်းသာသာ အသုံးပြုနိုင်မှာပဲ ဖြစ်ပါတယ်" ဟု ပြောကြားလိုက်သည်။

ဦးဘက သူ၏စမတ်ဖုန်းလေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း ကျေနပ်စွာ ပြုံးလိုက်သည်။ သူ၏ "1234" ဆိုသော လျှို့ဝှက်ကုတ်ကို သူသာသိသည့် ခက်ခဲသောနံပါတ်တစ်ခုသို့ ပြောင်းလဲပြီးဖြစ်ကြောင်း၊ တော်ရုံတန်ရုံ လင့်(ခ်)များကိုလည်း မနှိပ်တော့ကြောင်း သူ့ကိုယ်သူကတိပေးလိုက်သည်။

တကယ်တော့ နည်းပညာဆိုတာ အလှမ်းဝေးတဲ့အရာမဟုတ်ဘဲ ကျွန်တော်တို့ရဲ့ နေ့စဉ်ဘဝထဲမှာ သတိလေးနည်းနည်းထားပြီး စနစ်တကျ အသုံးပြုတတ်ရင် အင်မတန်အကျိုးရှိတဲ့ အရာတစ်ခုဖြစ်ကြောင်း ဒီရပ်ကွက်လေးထဲက လူတွေလည်း ကောင်းကောင်းကြီး နားလည်သွားကြပါပြီ။ ။

# ဧရာဝတီတိုင်းဒေသကြီးအတွင်း ရေဝင်ရောက်မှုများဖြစ်ပွားခဲ့သဖြင့် ကူညီကယ်ဆယ်ရေးနှင့် တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်အတွင်း ပြီးခဲ့သည့် ဇူလိုင် ၃၀ ရက် ညပိုင်းက မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုများကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရပ်ကွက်၊ ကျေးရွာများအတွင်း ရေဖြတ်သန်းစီးဆင်းဝင်ရောက်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ရေဝင်ရောက်မှုကြောင့် ယနေ့အထိ လေးမျက်နှာမြို့ပေါ်ရပ်ကွက် ငါးခုနှင့် ကျေးရွာအချို့အပြင် ဟင်္သာတ၊ ရေကြည်၊ ငသိုင်းချောင်း၊ ကျုံပျော်နှင့် ကျောင်းကုန်းမြို့နယ်တို့ရှိ ရပ်ကွက် ၁၄ ခုနှင့် ကျေးရွာအချို့တို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပွားခဲ့သည်။



အဆိုပါ ငဝန်ပန်းတာရေဝင်ရောက်မှုကို ထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် နည်းပညာများအသုံးပြု၍ Geobags သဲအိတ်ကြီးများချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်းနှင့် Steel Sheet Pile ရိုက်သွင်းခြင်းစသည့် ငဝန်ပန်းတာတမံ နိမ့်ကျနေရာများ ပြန်လည်ခိုင်မာရေးလုပ်ငန်းများကို လူအင်အား၊ စက်ယန္တရားများအသုံးပြု၍ အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားခဲ့သည့် မြို့၊ ရွာ၊ ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ဆေးရုံ၊ ဆေးခန်းများ၊ လမ်း၊ တံတားများတွင် တင်ကျန်ခဲ့သည့် နုန်းများ၊ အမှိုက်များကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကူညီရေးအဖွဲ့များ၊ ပရဟိတအသင်းအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများပူးပေါင်း၍ ဖယ်ရှားရှင်းလင်းခြင်း၊ ရေဘေးကယ်ဆယ်ရေးစခန်းများရှိ ရေဘေးသင့်ပြည်သူများအား ထမင်းဘူးများ၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ အရေးပေါ်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးခြင်းနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ဝိုင်းဝန်းကူညီဆောင်ရွက်ပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာကိုယ်ထည် တိုက်စားခံရမှု တားဆီးကာကွယ်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၄**

ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် ဂန်ချောင်းကျေးရွာအနီး ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တာမိုင် (၁၁/၆) နှင့် (၁၁/၇) ကြားနေရာ၌ မြစ်ကမ်း ရေတိုက်စားမှုကြောင့် ညောင်တုန်းကျွန်းတာ (ဧရာဝတီမြစ်ခွဲ) တွင် ဩဂုတ် ၂၅ ရက် နံနက်ပိုင်းမှစ၍ အလျားပေ ၃၀၀၊ အနံ ၄၅ ပေခန့် တာကိုယ်ထည် တိုက်စားခံရကာ ဆည်မြောင်းတာအိပ့်ကျမှု ဖြစ်ပွားခဲ့သည်။

ထိုသို့ တာကိုယ်ထည်တိုက်စားခံရမှုအပေါ် ယာယီကာကွယ်နိုင်ရန်အတွက် တာကိုယ်ထည်တိုက်စားမှု ဖြစ်ပေါ်ခဲ့သည့်နေရာကို ရေလမ်းသောင်တူးလုပ်ငန်းဆောင်ရွက်ခြင်း၊ Floating Structure တည်ဆောက်ခြင်း၊ ကမ်းပြိုကာကွယ်ရေးသုံး Geotextine ခင်းခြင်း၊ တာမိုင်(၁၁/၅) နှင့်(၁၁/၆) ကြားတွင် Steel Cable Groyne (သံမဏိကြိုးအသုံးပြု ရေစီးထိန်းလုပ်ငန်း) ဆောင်ရွက်ခြင်းလုပ်ငန်းများကို နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများပူးပေါင်း၍ လူအင်အား၊ စက်ယန္တရားများဖြင့် အင်တိုက်အားတိုက် အရှိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို ရန်ကုန်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





# အမျိုးသမီးများဆိုင်ရာ ကာကွယ်ပေးထားသည့် ဥပဒေများကို အသိပညာပေးဟောပြော

ဟားခါး စက်တင်ဘာ ၁၄

အမျိုးသမီးများဆိုင်ရာ ကာကွယ်ပေးထားသည့် အခွင့်အရေး၊ ဥပဒေများနှင့် လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှုတို့ကို ကာကွယ်စောင့်ရှောက်နိုင်ရေး အသိပညာပေးဟောပြောပွဲကို ယနေ့နံနက် ၁၀ နာရီက ဟားခါးမြို့ ချင်းပြည်နယ်အစိုးရအဖွဲ့ရုံးရှိ ပြည်နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အသိပညာပေးဟောပြောပွဲတွင် ချင်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာဝုန်ဆွန်းထန်က အမှာစကားပြောကြားသည်။

ထို့အတူ ချင်းပြည်နယ်တရားလွှတ်တော် တရားသူကြီး ဒေါ်နှင်းကေသီဝင်းက အမျိုးသမီးများဆိုင်ရာ ကာကွယ်ပေးသည့်အခွင့်အရေးများ၊ ဥပဒေများနှင့် လူကုန်ကူးမှု၊ အကြမ်းဖက်မှု၊ သက်ငယ်မုဒိမ်းမှုတို့ကို ကာကွယ်စောင့်ရှောက်ရန် အသိပညာပေးဆွေးနွေးသည်။

ဆက်လက်၍ ပြည်နယ်အမျိုးသမီးရေးရာအဖွဲ့ နာယက ပြည်နယ်ဝန်ကြီးချုပ်၏ဇနီးက ချင်းပြည်နယ် တရားလွှတ်တော် တရားသူကြီးအား ချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# ဧရာဝတီတိုင်းဒေသကြီး (၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကျင်းပ

ပုသိမ် စက်တင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယနေ့မွန်းလွဲပိုင်းတွင် ပုသိမ်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည်။

ဆုချီးမြှင့်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီး လူမှုရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသိန်းထွန်းနှင့် ဇနီး၊ တိုင်းဒေသကြီးတရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် ဇနီးများက ပြိုင်ပွဲတွင် ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများ၊ နှစ်သိမ့်ဆုရရှိသူများနှင့် အကဲဖြတ်ဒိုင်အဖွဲ့များအား ဆုများပေးအပ်ကြသည်။

ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့က ကြီးမှူးကျင်းပသည့် (၂၇)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲသို့ ခရိုင်များမှ ပြိုင်ပွဲဝင်စုစုပေါင်း ၅၄၂ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

ဆုချီးမြှင့်ပွဲတွင် ပထမဆု ၉၆ ဆု၊ ဒုတိယဆု ၇၄ ဆု၊ တတိယဆု ၄၁ ဆုနှင့် နှစ်သိမ့်ဆု ၃၄ ဆု၊ ဂုဏ်ပြုဆု တစ်ဆု စုစုပေါင်း ၂၄၆ ဆု ချီးမြှင့်ပေးခဲ့ပြီး ခရိုင်အလိုက် ဆုရရှိမှုအနေဖြင့် ရွှေ၊ ငွေ၊ ကြေး၊ ဂုဏ်ပြုဆုနှင့် နှစ်သိမ့်ဆုအပါအဝင် ပုသိမ်ခရိုင်က ၄၆ ဆု၊ မြောင်းမြခရိုင်က ဆု ၅၀၊ ဖျာပုံခရိုင်က ၄၁ ဆု၊ မအူပင်ခရိုင်က ၃၄ ဆု၊ ဟင်္သာတခရိုင်က ၃၁ ဆု၊ လပွတ္တာခရိုင်က ၂၁ ဆု၊ ကျုံပျော်ခရိုင်က ကိုးဆုနှင့် မြန်အောင်ခရိုင်က ၁၄ ဆု ရရှိခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)



# စစ်ကိုင်းမြို့ရှိ ဆွမ်းဦးပုညရှင်ဘုရား၊ လေးကျွန်းမာန်အောင်ဘုရား၊ မရှိခဏဘုရားနှင့် စေတီလှစေတီတို့တွင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများဆောင်ရွက်

မန္တလေး စက်တင်ဘာ ၁၄

စစ်ကိုင်းမြို့ရှိ ဆွမ်းဦးပုညရှင်ဘုရား၊ လေးကျွန်းမာန်အောင်ဘုရား၊ မရှိခဏဘုရားနှင့် စေတီလှစေတီတို့တွင် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့နံနက်ပိုင်းတွင် ယဉ်ကျေးမှု၊ ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးထွန်း သွားရောက်ကြည့်ရှုစစ်ဆေးသည်။



ကြည့်ရှုစဉ် ရှေးဟောင်းသမိုင်းဝင်ဘုရားများကို ပြန်လည်ပြုပြင်ရာတွင် ရှေးမူမပျက်ပြုပြင်သွားရန်၊ အရည်အသွေးပြည့်မီသည့် ဆောက်လုပ်ရေးပစ္စည်းများကိုသာ အသုံးပြုသွားရန်၊ မိုးရေစိမ့်ဝင်ခြင်းမရှိအောင် ဂရုပြုဆောင်ရွက်သွားရန်နှင့် ငလျင်အပါအဝင် သဘာဝဘေးအန္တရာယ်များပါကာကွယ်နိုင်ရန် ထည့်သွင်းစဉ်းစားတွက်ချက်၍ (SOP) လုပ်ထုံး လုပ်နည်းများအတိုင်း အရည်အသွေး ပြည့်မီအောင် ပြုပြင်သွားရန် မှာကြားသည်။

မွန်းလွဲပိုင်းတွင် အမရပူရမြို့နယ်ရှိ ဗားကရာကျောင်း၊ ဆင်ကြိုရွှေကူဘုရားနှင့် မဟာမင်းထင် သစ်သားဘုန်းတော်ကြီးကျောင်း ပြန်လည်ပြုပြင်ထိန်းသိမ်းနေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ လုပ်ငန်းပိုင်းဆိုင်ရာ တင်ပြချက်များအပေါ် ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယမန်နေ့ကလည်း မန္တလေးတိုင်းဒေသကြီးရှိမန္တလေးနန်းမြို့ရိုး၊ သူရဲခို၊ မီးတား၊ ပြအိုးနှင့် ပြာသာဒ်များ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုက်နာဆောင်ရွက်ရမည့်(SOP)အတိုင်း အရည်အသွေး ပြည့်မီအောင် ပြုပြင်သွားရန်နှင့် နန်းမြို့ရိုးတစ်လျှောက်တွင် ရေဝပ်ဧရိယာများနှင့် စိုထိုင်းဆဖြစ်နေသော အကြောင်းအရင်းများကို စနစ်တကျ Survey ပြုလုပ်၍ ကွင်းဆင်း ဆောင်ရွက်သွားရန် မှာကြားသည်။

ထို့ပြင် ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ပဟိုရ်စင်နှင့် စွယ်တော်စင် ပြုပြင်ထိန်းသိမ်းမှုလုပ်ငန်းများနှင့် တံခါးနီတံခါးတူးဖော်သုတေသနပြုထားသည့်နေရာတို့ကို သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# သရက်မြို့၌ ကျန်းမာရေးမှူး(၄)သင်တန်းဖွင့်

သရက် စက်တင်ဘာ ၁၄

မကွေးတိုင်းဒေသကြီး သရက်မြို့၌ ပြည်သူ့ကျန်းမာရေးဦးစီးဌာန ကျန်းမာရေးမှူး(၄) သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက သရက်ခရိုင် ပြည်သူ့ကျန်းမာရေးဦးစီးဌာန သင်ကြားရေးဌာန၌ ကျင်းပသည်။

## ရှင်းလင်းပြောကြား

အဆိုပါအခမ်းအနားတွင် သရက်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ဦးသောင်းထိုက်က သင်တန်းသား သင်တန်းသူများအနေဖြင့် သင်တန်းကာလအတွင်း သင်ကြားပို့ချမည့်ဘာသာရပ်များကို စိတ်ပါဝင်စားစွာ လေ့လာသင်ယူကာ လက်တွေ့လုပ်ငန်းခွင်တွင် ပြန်လည်အသုံးချနိုင်စေရေး ကြိုးစားဆောင်ရွက်ကြရန် တိုက်တွန်းပြောကြားပြီး ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာအုပ်စိုးလင်းက သင်တန်းဖွင့်လှစ်ရခြင်း၏ ရည်ရွယ်ချက်နှင့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားသည်။

အခမ်းအနားသို့ သရက်ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးနှင့် သင်ကြားရေးအဖွဲ့ဝင် ဆရာ ဆရာမများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ဝေယံ(သရက်)



( ၆၂ )နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြင်ဦးလွင်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးမှ ဒုတိယရဲမှူးကြီး အောင်ကိုမြင့်ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များ၊ ရဲတပ်ဖွဲ့မိသားစုဝင်များ၊ ခရိုင်ကုသရေးဦးစီးဌာနမှူး ဆေးရုံအုပ်ကြီးနှင့် ကျန်းမာရေးဝန်ထမ်းများက ပြင်ဦးလွင်မြို့ ခုတင်(၃၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး အတွင်း/ အပြင်ရှိ အမှိုက်များ၊ ချုံနွယ်များ ရှင်းလင်းခြင်းနှင့် ရေနုတ်မြောင်းများကို စက်တင်ဘာ ၁၃ ရက် နံနက်ပိုင်းက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)

# မြန်အောင်မြို့နယ်၌ ကျန်းမာရေးမှူး(၄) သင်တန်းဖွင့်ပွဲအခမ်းအနား ကျင်းပ

မြန်အောင် စက်တင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အခြေစိုက် ကျန်းမာရေးမှူး(၄) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက မြန်အောင်မြို့နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



သင်တန်းသို့ မြန်အောင်၊ ကြံခင်း၊ အင်္ဂပူ၊ လေးမျက်နှာနှင့် ဟင်္သာတမြို့နယ်တို့မှ ကျန်းမာရေးမှူး(၄) သင်တန်းဝင်ခွင့်ရရှိသူ သင်တန်းသား သင်တန်းသူ ၆၆ ဦး တက်ရောက်ကြပြီး သင်တန်းကာလ ခြောက်လကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

ဝင်းဗိုလ်(ပြန်/ဆက်)

## ဝါစေ့ဆီထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည့်ကုန်ကြမ်းများ၊ စက်ပစ္စည်းများ၊ နည်းပညာများဖြည့်တင်းပေးနိုင်ရေး ဆွေးနွေး

မန္တလေး စက်တင်ဘာ ၁၄



ပြည်တွင်း စားသုံးသူများအတွက် ဘေးကင်းပြီး အရည်အသွေးပြည့်မီသည့် ဝါစေ့ဆီသန့်ကို ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး ခေတ်မီ ဆီသန့်စင်နည်းပညာများ အသုံးပြု၍ ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို သတ်မှတ်ချက်များနှင့်အညီ စနစ်တကျအသုံးပြုပြီး အလေးထားဆောင်ရွက်သွားရန် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က ယနေ့နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် မန္တလေးတိုင်းဒေသကြီး အတွင်း ဝါစေ့ဆီကြိမ်းမှ အဆင့်မြင့် စားသုံးဆီသန့်အဖြစ် ထုတ်လုပ်ဖြန့်ဖြူးနိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် ပြောကြားသည်။

အစည်းအဝေးတွင် တိုင်းဒေသကြီး ဝန်ကြီးများနှင့် တာဝန်ရှိသူများက ဝါစေ့ဆီလုပ်ငန်းစီမံချက်၊ ဝါစေ့ဆီကြိမ်းမှ အဆင့်မြင့် စားသုံးဆီသန့်အဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချခြင်း လုပ်ငန်းစီမံချက်၊ တိုင်းဒေသကြီးအတွင်း ဆီစက်လုပ်ငန်းများ လည်ပတ်နေမှု၊ ဝါစေ့ဆီ ထုတ်လုပ်နိုင်ရန်အတွက် လိုအပ်သည့် ကုန်ကြမ်းများ၊ စက်ပစ္စည်းများ၊ နည်းပညာများ ဖြည့်တင်းပေးနိုင်ရေး ရှင်းလင်းတင်ပြချက်များ၊ အတွေ့အကြုံများနှင့် ကြုံတွေ့နေရမှုများ ဆွေးနွေးမှုအပေါ် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ကယားပြည်နယ်အတွင်း မိုးရာသီ သီးနှံစိုက်ပျိုးမည့်တောင်သူများအား ချေးငွေပေးအပ်




လွိုင်ကော် စက်တင်ဘာ ၁၄

ကယားပြည်နယ်အစိုးရအဖွဲ့က ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ် မိုးရာသီ သီးနှံစိုက်ပျိုးမည့် တောင်သူများအား နိုင်ငံ့စီးပွားမြှင့်တင်ရေး ရန်ပုံငွေမှ ချေးငွေများထုတ်ချေးပေးအပ်ပွဲကို ယနေ့နံနက်ပိုင်းတွင် လွိုင်ကော်မြို့ စိုက်ပျိုးရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ချေးငွေပေးအပ်ပွဲတွင် ကယားပြည်နယ်ဝန်ကြီးချုပ် ဦးအုံ့မော်က အမှာစကားပြောကြားပြီး ပြည်နယ်ဝန်ကြီးများနှင့်အတူ မိုးသီးနှံစိုက်ပျိုးမည့် ပြည်နယ်အတွင်းရှိ ကျေးရွာ ခုနစ်ရွာမှ တောင်သူ ၆၉ ဦး၏ မိုးသီးနှံ ၄၅၄ ဧကအတွက် တစ်ဧကလျှင် ငွေကျပ် ငါးသိန်းနှုန်းဖြင့် ချေးငွေကျပ် ၂၂၇ သိန်း ပေးအပ်ရာ တောင်သူအစုအဖွဲ့များက လက်ခံရယူကြသည်။

### ပေါင်းစပ်ညှိနှိုင်း

ထို့ပြင်တက်ရောက်လာကြသည့်တောင်သူများက စိုက်ပျိုးရေးအတွက် လိုအပ်သည်များ တင်ပြဆွေးနွေးမှုအပေါ် ပြည်နယ်ဝန်ကြီးချုပ်က ဆောင်ရွက်ပေးနိုင်မည့် အခြေအနေကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

ဆက်လက်၍ ပြည်နယ်ဦးစီးမှူးရုံး ရုံးဝင်းအတွင်းရှိ ဓာတ်မြေဩဇာသိုလှောင်ရုံကို ကြည့်ရှုစစ်ဆေးပြီး ပျက်စီးဆုံးရှုံးမှုမရှိစေရေး ထိန်းသိမ်းရန်နှင့် တောင်သူများသို့ စနစ်တကျ ဖြန့်ဝေပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ကယားပြည်နယ်တွင် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေ (ကယားပြည်နယ်)မှ စိုက်ပျိုးရေးကဏ္ဍအတွက် ၂၀၂၂-၂၀၂၃ ခုနှစ်တွင် စတင်ထုတ်ချေးပေးခဲ့သည့် ချေးငွေကျပ် ၅၉၈၈ ဒသမ ၆၅ သန်းရှိပြီဖြစ်ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ)တောင်သူသင်တန်းဖွင့်

ပုသိမ် စက်တင်ဘာ ၁၄



စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာန အမှတ်(၅၁) စက်မှုလယ်ယာစခန်း ပုသိမ်မြို့၌ ယနေ့နံနက်ပိုင်းတွင် ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု(အခြေခံ) တောင်သူသင်တန်းဖွင့်ပွဲ ကျင်းပသည်။

### ရှင်းလင်းပြောကြား

အခမ်းအနားတွင် ပုသိမ်မြို့နယ် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးကျော်ကျော်ထွန်းက အမှာစကားပြောကြားပြီး ပုသိမ်ခရိုင် စက်မှုလယ်ယာဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးကျော်ခင်က သင်တန်းဖွင့်လှစ်ပေးခြင်း ရည်ရွယ်ချက်များကို ရှင်းလင်း ပြောကြားသည်။ ဆက်လက်၍ New Holland Myanmar Company Limited အရောင်းတာဝန်ခံက လယ်ယာသုံး စက်ကိရိယာ ပစ္စည်းများ မိတ်ဆက်ရှင်းလင်း ပြောကြားသည်။

လယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် စက်မှုလယ်ယာစနစ်သို့ ကူးပြောင်းရေး ဆောင်ရွက်လျက်ရှိရာ ရိတ်သိမ်းခြွေလှေ့စက်များကို လယ်ယာလုပ်ငန်းခွင်တွင် စနစ်တကျ နည်းမှန်လမ်းမှန် အန္တရာယ်ကင်းစွာ သုံးစွဲတတ်စေရန်၊ ကျွမ်းကျင်စွာ မောင်းနှင်ထိန်းသိမ်းတတ်စေရန်၊ စနစ်တကျ ချိန်ညှိတတ်စေရန်နှင့် စပါးအလေအလွင့် နည်းပါးရေးတို့အတွက်ရည်ရွယ်၍ ရိတ်သိမ်းခြွေလှေ့စက် မောင်းနှင်ထိန်းသိမ်းမှု (အခြေခံ) သင်တန်းကို စက်တင်ဘာ ၁၄ ရက်မှ ၂၅ ရက်အထိ စာတွေ့၊ လက်တွေ့ သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသောစိုက်ပျိုးရေးစနစ် စီမံကိန်းဆောင်ရွက်

ကန့်ကြီးထောင့် စက်တင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်၌ သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသောစိုက်ပျိုးရေးစနစ်စီမံကိန်းဆောင်ရွက်မည့် ဒေသခံတောင်သူများနှင့် တွေ့ဆုံပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကွင်းယားအရှေ့ကျေးရွာ ရွှေကွင်းသာယာခန်းမ၌ ပြုလုပ်သည်။

ဦးစွာတိုင်းဒေသကြီးလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တို့က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိက သမဝါယမစနစ်ကိုအခြေခံ၍ စုပေါင်းဆောင်ရွက်သည့် စနစ်ကျသောစိုက်ပျိုးရေးစနစ် စီမံကိန်း ရည်ရွယ်ချက်၊ အခြေခံမူများ၊ ဆောင်ရွက်နိုင်သည့် နည်းလမ်းသုံးမျိုးနှင့် လက်ရှိဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



## လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဖွင့်

ကျောက်ဆည် စက်တင်ဘာ ၁၄

MSME လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် စွမ်းဆောင်ရည်ပြည့်ဝစေရန် ကျောက်ဆည်ခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနက ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျောက်ဆည်မြို့ အေးမြကြည်လင်ရပ်ကွက် အောင်မင်္ဂလာဘုရားဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မန္တလေးတိုင်းဒေသကြီး ရှမ်းတိုင်းရင်းသားလူမျိုးရေးရာဝန်ကြီးက အမှာစကားပြောကြားသည်။ ထို့နောက် မန္တလေးတိုင်းဒေသကြီး အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးက သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက သင်တန်းသား သင်တန်းသူများအား သင်တန်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

သက်မောင်(ကျောက်ဆည်)



## သဃ်္ဃန်းကျွန်းပညာရေးဒီဂရီကောလိပ်၌ ကာယပညာနှင့် အားကစားဒီပလိုမာဇဟိုအဆင့် သင်တန်းဖွင့်ပွဲကျင်းပ

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန်တိုင်းဒေသကြီး သင်္ဃန်းကျွန်းမြို့နယ် သင်္ဃန်းကျွန်းပညာရေးဒီဂရီကောလိပ် ပညာနေခြည်ခန်းမ၌ ကာယပညာနှင့် အားကစားဒီပလိုမာဇဟိုအဆင့် သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ပညာရေးဝန်ကြီးဌာန ဆရာအတတ်ပညာဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်က အမှာစကားပြောကြားသည်။ အခမ်းအနားသို့ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ သင်္ဃန်းကျွန်းပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီး၊ ရန်ကင်းမြို့နယ်၊ လှည်းကူးမြို့နယ်၊ ကသာနှင့် ဟားခါးပညာရေးဒီဂရီကောလိပ်များမှ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

# တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(က) ဘားအံဇုန်ပွဲစဉ်များ ကျင်းပမည်



**ဘားအံ စက်တင်ဘာ ၁၄**

အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ကြီးမှူး၍ ကရင်ပြည်နယ်အစိုးရအဖွဲ့နှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းပြီး ၂၀၂၆ ခုနှစ် တိုင်းဒေသကြီးနှင့် ပြည်နယ် အသက်(၁၉) နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ အုပ်စု(က) ဘားအံဇုန်ပွဲစဉ်များကို ကရင်ပြည်နယ် ဘားအံမြို့၌ ကျင်းပသွားမည်ဖြစ်ပြီး ပြိုင်ပွဲပါဝင်ယှဉ်ပြိုင်ရန် ဘားအံမြို့သို့ ရောက်ရှိနေသော တိုင်းဒေသကြီးနှင့် ပြည်နယ် အသင်းများအား ကြိုဆိုပွဲကို ယနေ့ ကျင်းပသည်။

ကြိုဆိုပွဲတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ပြိုင်ပွဲဝင် ဘောလုံးအသင်းများ တည်းခိုနေထိုင်ရေး၊ စားသောက်ရေး၊ သွားလာရေး၊ လုံခြုံရေး၊ ကျန်းမာရေး ကိစ္စရပ်များကို အဆင်ပြေချောမွေ့စေရန် စီမံဆောင်ရွက်ပေးထားပြီး ပြည်နယ်၏ သဘာဝအလှတရားများကို ခံစား၍ တိုင်းရင်းသားညီအစ်ကိုများ၏ ရိုးရာယဉ်ကျေးမှု ဓလေ့ထုံးစံများကို ဗဟုသုတအဖြစ် လေ့လာနိုင်ရန်လေ့လာရေးခရီးကိုလည်း စီစဉ်ပေးသွားမည်ဖြစ်ကာ ကရင်ပြည်နယ် ဖွဲ့ကပင်မြေတွင် စိတ်ချမ်းမြေ့စွာ ယှဉ်ပြိုင်ကစားကြစေလိုကြောင်း ပြောကြားပြီး အားကစား အသင်းများကို အမှတ်တရ လက်ဆောင်များ ပေးအပ်ကာ လက်ဖက်ရည်ပွဲဖြင့် တည်ခင်းဧည့်ခံသည်။

**ယှဉ်ပြိုင်ကစားကြမည်**

တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၁၉)နှစ်အောက် အမျိုးသမီး ဘောလုံးပြိုင်ပွဲ (ဘားအံဇုန်) အုပ်စုပတ်လည်ပွဲစဉ်များကို ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ ဖွဲ့ကပင်အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး စက်တင်ဘာ ၁၆ ရက်တွင် ကရင်ပြည်နယ်အသင်းနှင့် ကယားပြည်နယ်အသင်း၊ စက်တင်ဘာ ၁၇ ရက်တွင် မန္တလေးတိုင်းဒေသကြီးအသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ စက်တင်ဘာ ၁၉ ရက်တွင် ကရင်ပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ စက်တင်ဘာ ၂၀ ရက်တွင် ကယားပြည်နယ် အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်း၊ စက်တင်ဘာ ၂၂ ရက်တွင် ကယားပြည်နယ်အသင်းနှင့် မန္တလေးတိုင်းဒေသကြီးအသင်း၊ စက်တင်ဘာ ၂၃ ရက်တွင် ကရင်ပြည်နယ်အသင်းနှင့် တနင်္သာရီတိုင်းဒေသကြီးအသင်းတို့ ယှဉ်ပြိုင်ကစားသွားကြမည်ဖြစ်ရာ မည်သူမဆို အခမဲ့ ကြည့်ရှုအားပေးနိုင်ကြောင်း သိရသည်။

အဆိုပါပြိုင်ပွဲ၏ ရှုံးထွက်အဆင့် ပြိုင်ပွဲများကို ရန်ကုန်တိုင်းဒေသကြီးရှိ အားကစားကွင်းများတွင် ဆက်လက် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**ထားဝယ် စက်တင်ဘာ ၁၄**

(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့နံနက်ပိုင်းတွင် အမှတ်(၁၂) တပ်မတော်ဆေးရုံ (ခုတင်-၁၀၀)၌ တနင်္သာရီတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူးရုံးမှ ဦးဆောင်၍ တိုင်းဒေသကြီး/ခရိုင်/မြို့နယ် တပ်ဖွဲ့ဝင်များနှင့် တပ်ဖွဲ့ဝင် မိသားစုဝင်များက စုပေါင်းသွေးလှူဒါန်းကြသည်။

စုပေါင်း သွေးလှူဒါန်းမှုကို တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦး၊ တရားလွှတ်တော် တရားသူကြီးချုပ်၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးပြီး အားဖြည့်ဆေးဝါးများနှင့် အာဟာရဖြည့် အစားအစာများ ပေးအပ်ကြသည်။

ဆက်လက်၍ အမှတ်(၁၂) တပ်မတော်ဆေးရုံ(ခုတင်-၁၀၀)၌ အကြမ်းဖက်သောင်းကျန်းသူများနှင့် PDF အမည်ခံ အကြမ်းဖက်သမားများ၏ ပစ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် အပြစ်မဲ့ပြည်သူများနှင့် တပ်မတော်သားများ ထိခိုက်ဒဏ်ရာရရှိမှု၊ ဆေးဝါးကုသပေးမှုအခြေအနေကို ကြည့်ရှုအားပေးပြီး လိုအပ်သည်များကို သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ပေးကာ ချီးမြှင့်ငွေများ ပေးအပ်သည်။



ထို့အတူ တိုင်းဒေသကြီး ကုသရေးဦးစီးဌာန ခုတင်(၃၀၀) ဆံ့ ထားဝယ် ပြည်သူ့ဆေးရုံကြီး၌ (၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များ၏ စုပေါင်းသွေးလှူဒါန်းမှုကို ကြည့်ရှုအားပေးပြီး အားဖြည့်ဆေးဝါးများနှင့် အာဟာရဖြည့် အစားအစာများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ပန်းဘဲတန်းမြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော် အတွေ့အကြုံရှင်းလင်းပွဲ ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၁၄**

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်တွင် လွှတ်တော်ကိုယ်စားလှယ်များ၏ လွှတ်တော်အတွေ့အကြုံ ရှင်းလင်းပွဲ အခမ်းအနားကို မြို့နယ်အတွင်း အမှတ်(၅)ရပ်ကွက်ရှိ အထက(၁) ကျောင်းခန်းမ၌ စက်တင်ဘာ ၁၂ ရက်က ကျင်းပသည်။

ရှင်းလင်းပွဲတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွဋ်က ပြည်သူ့လွှတ်တော် အတွေ့အကြုံများကို ရှင်းလင်းပြီး အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝင်းလှိုင်က အမျိုးသားလွှတ်တော် အတွေ့အကြုံများ ရှင်းလင်းသည်။ ဆက်လက်၍ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များဖြစ်ကြသည့် ဦးမြင့်ခိုင်၊ ဦးသန်းထွေးတို့က ရှင်းလင်းခဲ့ကြသည်။

ထို့နောက် တက်ရောက်လာသော မဲဆန္ဒရှင်ပြည်သူများက သိရှိလိုသည့် မေးခွန်းများကို မေးမြန်းရာ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူတို့က ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင်ရဲတပ်ဖွဲ့ ခရိုင်ရဲတပ်ဖွဲ့မှူး ယာယီဒုတိယရဲမှူးကြီး သန်းနု ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၃ ရက်တွင် မြိတ်မြို့ ကျက်သရေဆောင် လေးကျွန်းဆီမီးစေတီတော်တွင် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ခိုင်ထူး(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် ရဲတပ်ဖွဲ့က စက်တင်ဘာ ၁၂ ရက်တွင်သာကေတမြို့နယ်(၁၀)တောင်ရပ်ကွက်သန်လျင်တံတားချဉ်းကပ်လမ်းရှိ ၁၀၈ တောင် မဟာဗောဓိစွယ်တော်ရှင်စေတီတော်၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ကျော်ကျော်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်က ကမာရွတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဦး ဦးစီး၍ ကမာရွတ်မြို့မရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက အမှတ်(၄)ရပ်ကွက်ရှိ မြန်မာ့သဘော်ကျောင်းဝင်း အတုလမာန်အောင်စေတီတော်ဝင်း အတွင်း/အပြင် ချုံနွယ်များအား သန့်ရှင်းရေးဆောင်ရွက်စဉ်။ စိမ်းလဲ့(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ကချင်ပြည်နယ် ရဲတပ်ဖွဲ့မှူးရုံးက ဦးဆောင်၍ စက်တင်ဘာ ၁၂ ရက်တွင် မြစ်ကြီးနားမြို့ မူးယစ်ဆေးစွဲရောဂါကုဆေးရုံ၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်ပြည်သူ့ဆေးရုံကြီး၌ စက်တင်ဘာ ၁၂ ရက်က ရွှေဘိုခရိုင် ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်လင်းဦး၏ ဦးဆောင်မှုဖြင့် စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)

# ကျောင်းကျန်းမာရေး (သို့မဟုတ်) အနာဂတ်ကို ပျိုးထောင်ခြင်း

စိုးမိုး (စံပြကျောင်း၊ မန္တလေး)

ကျောင်းနေအရွယ်ကလေးငယ်များကို ငယ်ရွယ်စဉ်မှစ၍ အသိပညာ၊ အတတ်ပညာများရရှိအောင် ဆောင်ရွက်ပေးနိုင်ခြင်းအားဖြင့် ၎င်းတို့ဘဝတိုးတက်ရေးအတွက် များစွာအထောက်အကူဖြစ်စေမည်ဖြစ်သကဲ့သို့ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ တရားဥပဒေစိုးမိုးရေးနှင့် တည်ငြိမ်အေးချမ်းရေးကို များစွာအထောက်အကူဖြစ်မည်ဖြစ်ကြောင်း၊ အသိပညာ၊ အတတ်ပညာပြည့်စုံပြီး အတွေးအခေါ်မှန်ကန်ကောင်းမွန်သည့်လူငယ်များကို မွေးထုတ်ပေးနိုင်မှသာလျှင် နိုင်ငံ၏အနာဂတ်သည်လည်း ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ၂၀၂၆ ခုနှစ် ဇူလိုင်လ ၂၁ ရက်နေ့တွင် ရန်ကုန်နှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများနှင့် တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားခဲ့သည်။

ပညာရေးနှင့်ဆက်စပ်ပြီး ကျန်းမာရေးကဏ္ဍတွင်လည်း နိုင်ငံသားတိုင်း ကျန်းမာကြံ့ခိုင်မှုရှိစေရေးနှင့် သက်တမ်းစေ့နေနိုင်ရေးသည် အရေးကြီးကြောင်းအပြင် အဓိကအားဖြင့် ကျောင်းကျန်းမာရေးနှင့်ပတ်သက်၍ ကျောင်းနေအရွယ်ကလေးငယ်များ၏ ကျန်းမာရေးအသိရှိစေရန် ကျန်းမာရေးဝန်ထမ်းများက အချိန်အခါအလိုက်၊ အသက်အရွယ်အလိုက် ကျန်းမာရေးစစ်ဆေးပေးခြင်း၊ အာဟာရပြည့်ဝစွာစားသုံးကြရေး အသိပညာပေးခြင်းများကို ထိထိရောက်ရောက်ဆောင်ရွက်သွားရန်လိုအပ်ကြောင်း၊ ကျောင်းဝန်းကျင်တစ်ဝိုက်ကျန်းမာရေးနှင့်ညီညွတ်သည့် ပတ်ဝန်းကျင်ဖြစ်စေရေး၊ အစားအသောက်နှင့် သောက်သုံးရေများ သန့်ရှင်းမှုရှိစေရေးအတွက် စီမံဆောင်ရွက်သွားရန်လိုခြင်း၊ ကလေးများကျန်းမာကြံ့ခိုင်သည့် ခန္ဓာကိုယ်ရရှိရေးအတွက် အာဟာရပြည့်ဝသည့် အစားအစာများ ကျွေးမွေးရန်လိုကြောင်း၊ ခန္ဓာကိုယ်ဖွံ့ဖြိုးမှုအားနည်းချက်ကြောင့် အားကစားကဏ္ဍတွင်ပါ အားနည်းနိုင်ကြောင်းလည်း ထည့်သွင်းပြောကြားခဲ့သည်။

**ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုဘဝပုံစံများကိုကျင့်သုံး**

ထို့ပြင် ဩဂုတ်လ ၁၀ ရက်နေ့တွင် နေပြည်တော်ရှိ အပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာန (၁)၌ ကျင်းပပြုလုပ်သော ၂၀၂၆-၂၀၂၇ ပညာသင်နှစ် ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှု (ဗဟိုအဆင့်)အထိမ်းအမှတ် အခမ်းအနားတွင်လည်း နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင်က အမှာစကားမြွက်ကြားရာတွင် **“ကျန်းမာမှ ပညာသင်ကြားနိုင်မည်၊ ကျန်းမာမှ အလုပ်လုပ်နိုင်မည်”**ဟူသည့်အတိုင်း ငယ်ရွယ်စဉ် ကလေးဘဝမှစပြီး အသက်အရွယ်ကြီးပြင်းလာသည်အထိ ကျန်းမာရေးနှင့်ညီညွတ်သည့် လူနေမှုဘဝပုံစံများကို ကျင့်သုံးသွားစေရန် အလွန်အရေးကြီးကြောင်း၊ ထို့ပြင် ကျန်းမာရေးနှင့်ညီညွတ်သည့် အမူအကျင့်များကို ကျောင်းသား ကျောင်းသူများမှ တစ်ဆင့် မိသားစုနှင့် ပြည်သူလူထုအတွင်း ပျံ့နှံ့ကျင့်သုံးလာစေပြီး ကျန်းမာရေးနှင့်ညီညွတ်သည့် လူမှုအသိုက်အဝန်းတစ်ခုဖြစ်အောင် ဖော်ဆောင်သွားကြရမည်ဖြစ်ကြောင်း၊ မြန်မာနိုင်ငံတွင် ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကို ကိုလိုနီခေတ်က စတင်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ပြဋ္ဌာန်းထားသည့် ကျန်းမာရေးအဆင့်မြင့်ကျောင်းလုပ်ငန်းစဉ်များနှင့်အညီ ဆောင်ရွက်လျက်ရှိပြီး ရောဂါကာကွယ်ခြင်းသာမက ကျောင်းသားများ၏ ကိုယ်ကျန်းမာရေး၊ စိတ်ကျန်းမာရေး၊ အာဟာရနှင့် ကျန်းမာသည့် ဘဝနေထိုင်မှုပုံစံကိုပါ မြှင့်တင်ပေးသည့် ဘက်စုံကျောင်းကျန်းမာရေးစနစ်ဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများက ကျောင်းသား ကျောင်းသူများကို ကျန်းမာရေးစောင့်ရှောက်ပေးခြင်း၊ ကျန်းမာရေးပညာပေးခြင်းတို့ကို ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ ပညာရေးအပိုင်းကလည်း ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိများ ပိုမိုရရှိစေရေး ကျောင်းသင်ခန်းစာများတွင် ဘဝတွက်တာ ကျွမ်းကျင်စရာ ဘာသာရပ်ကို ထည့်သွင်းသင်ကြားပေးလျက်ရှိကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍လည်း ကျန်းမာရေး အဆင့်မြင့်ကျောင်းလုပ်ငန်းစဉ်များကို ကျန်းမာရေးနှင့် ပညာရေးဝန်ထမ်းများအပြင် ကျောင်းသားမိဘများအပါအဝင် ပြည်သူလူထုတစ်ရပ်လုံးကလည်း သိရှိပြီး ပူးပေါင်းပါဝင်ပံ့ပိုးပေးကြရန် လိုအပ်ကြောင်း၊ ယင်းရည်ရွယ်ချက်ဖြင့် ကျောင်းကျန်းမာရေး သီတင်းပတ်လှုပ်ရှားမှုများကို နှစ်စဉ် ဩဂုတ်လ ဒုတိယပတ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ပုံမှန်ဆောင်ရွက်ကြခြင်းပင်ဖြစ်ကြောင်း၊ အလားတူ နှစ်စဉ် ဩဂုတ်လ ဒုတိယပတ်တွင် “ငါးနှစ်အောက်ကလေးများနှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်”ကိုလည်း တစ်ချိန်တည်း ဆောင်ရွက်ကြောင်းကို သိရှိရကြောင်း၊ ထိုသို့ ကျောင်းကျန်းမာရေးသီတင်းပတ်နှင့် ကျောင်းသားလူငယ်များ အာဟာရဖွံ့ဖြိုးရေး ရက်သတ္တပတ်တို့ကို တစ်ချိန်တည်း ဆောင်ရွက်ခြင်းအားဖြင့် ကျောင်းသား ကျောင်းသူများ၏ ကျန်းမာရေးကို စစ်ဆေးပေးနိုင်သည့်အပြင် အရပ်၊ ကိုယ်အလေးချိန်နှင့် အာဟာရဖွံ့ဖြိုးမှုအခြေအနေများကိုပါ တိုင်းတာအကဲဖြတ်နိုင်မည်ဖြစ်ကြောင်း။

> **ကျောင်းမကောင်းလျှင် ရွာမကောင်း၊ ရွာမကောင်းလျှင် မြို့မကောင်း၊ မြို့မကောင်းလျှင် နိုင်ငံမကောင်းနိုင်ဟူသည့် ခံယူချက်ထားရှိပြီး ကျောင်းကျန်းမာရေးလုပ်ငန်းကို ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည့် လုပ်ငန်းတစ်ရပ်အဖြစ် လုပ်ဆောင်ခြင်းဖြစ်ကာ ငါးပွက်ရာငါးစာချ၊ ကောက်ရိုးမီးကဲ့သို့ အထက်လူကြီးစိတ်ဝင်စားသည့် အချိန် ထလုပ်ခြင်းမဟုတ်ဘဲ စဉ်ဆက်မပြတ် ဆောင်ရွက်မှသာ ကျောင်းကောင်းအင်္ဂါရပ်နှင့် ပြည့်စုံပြီး နောင်တစ်ခေတ်အတွက် အရည်အချင်း ပြည့်ဝကောင်းမွန်သော ခေါင်းဆောင်ကောင်း ဝန်ထမ်းကောင်းများကို မွေးထုတ်နိုင်သည့်ကျောင်း များဖြစ်ပေါ်စေလိမ့်မည်**

ထို့ပြင် ကျောင်းသား ကျောင်းသူများ၏ အာဟာရချို့တဲ့မှု၊ အဝလွန်မှုနှင့် ကြီးထွားဖွံ့ဖြိုးမှုဆိုင်ရာပြဿနာများကို စောစီးစွာ ဖော်ထုတ်နိုင်ပြီး သင့်တော်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကိုလည်း မိဘ၊ ဆရာများနှင့် ကျန်းမာရေးဝန်ထမ်းများက ပူးပေါင်းဆောင်ရွက်ပေးနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကျောင်းသား ကျောင်းသူများတွင် ကျန်းမာကြံ့ခိုင်ပြီး ဉာဏ်ရည်ဖွံ့ဖြိုးမှု၊ ကျောင်းမှန်မှန်တက်ရောက်မှု၊ သင်ယူနိုင်စွမ်းမြင့်မားမှု၊ ပညာရေးတွင် ထူးချွန်မှုစသည်တို့ကို ပိုမိုမြှင့်တင်ပေးနိုင်မည်ဖြစ်ပြီး အနာဂတ်တွင် တိုင်းပြည်အတွက် အဖိုးတန်ပညာတတ် လူ့စွမ်းအားအရင်းအမြစ်များကို ရရှိလာစေမည်ဖြစ်ကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

**ကျောင်းကျန်းမာရေးအလံတော် တလူလူလွင့်လာတော့မည်**

စာရေးသူ ရည်ညွှန်းလိုသည်မှာ ယခင်နှစ်ကာလ ဆယ်စုနှစ်နှစ်ခု ကျော်စာမျှ အကြောင်းအမျိုးမျိုးကြောင့် မေးမှိန်အရောင်ပြယ်လွင့်နေသည့် ကျောင်းကျန်းမာရေးတည်းဆိုသည့် အလံတော်သည် ယနေ့ခေတ်အခါ၌ နိုင်ငံတော်၏ အမြင့်ဆုံး ဦးသျှောင်ပုဂ္ဂိုလ်ဖြစ်သည့် နိုင်ငံတော်သမ္မတ၏ စိတ်ဝင်တစား အားပေးမှုရရှိနေခြင်းဖြင့် မူဝါဒပိုင်းဆိုင်ရာခွင့်ပြုအာမခံချက် အမြင့်ဆုံးရရှိရာရောက်ပြီး ကျောင်းကျန်းမာရေးအလံတော်သည် လေပြည်ထဲတွင် ဝင့်ဝင့်ကြွားကြွားဖြင့် တလူလူလွင့်လာတော့မည်ဟု ယုံကြည်မိပါသည်။

ကျောင်းကျန်းမာရေးလုပ်ငန်းနှင့် ကျောင်းတွင်းအာဟာရကျွေးလုပ်ငန်းသည် ခွဲခြားမရ ဆက်စပ်နေသည့်လုပ်ငန်းတစ်ရပ်ဖြစ်သည့်အားလျော်စွာ ကျောင်းကျန်းမာရေးလုပ်ငန်းသည် ပညာသင်ကြားရေးကို ထိခိုက်မှုမရှိသည့် ကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကျွဲကူးရေပါသဘော ဆောင်ရွက်သွားရမည်ဖြစ်ပါသည်။

ကျောင်းကျန်းမာရေး စံပြကျောင်းများ ရွေးချယ်ရေးအနေဖြင့် မြို့နယ်အဆင့်၊ တိုင်းဒေသကြီးအဆင့် စသည်ဖြင့် မိမိတို့ဆောင်ရွက်ခဲ့ကြရာတွင်လည်း လမ်းဘေးဝဲယာ၊ ကျောင်းအဆောက်အအုံ ကောင်းမွန်သည့် ကျောင်းမျိုး တစ်ကျောင်းစ၊ နှစ်ကျောင်းစကိုသာရွေးချယ်ပြီး သနပ်ခါးလိမ်းယှဉ်ပြိုင်ခြင်းမျိုးမဟုတ်ဘဲ မြို့နယ်အတွင်းရှိ ထက်၊ လယ်၊ မူ ကျောင်းများကို အားလုံးပါဝင်ဆောင်ရွက်စေမှသာ အနှစ်သာရရှိသော ကောင်းမွန်မှန်ကန်သည့် ယှဉ်ပြိုင်မှုဖြစ်ပေလိမ့်မည်။

**ကျောင်းကျန်းမာရေးလုပ်ငန်းကို စဉ်ဆက်မပြတ်ဆောင်ရွက်**

ကျောင်းမကောင်းလျှင် ရွာမကောင်း၊ ရွာမကောင်းလျှင် မြို့မကောင်း၊ မြို့မကောင်းလျှင် နိုင်ငံမကောင်းနိုင်ဟူသည့် ခံယူချက်ထားရှိပြီး ကျောင်းကျန်းမာရေးလုပ်ငန်းကို ဆောင်ရွက်သင့်ဆောင်ရွက်ထိုက်သည့် လုပ်ငန်းတစ်ရပ်အဖြစ် လုပ်ဆောင်ခြင်းဖြစ်ကာ ငါးပွက်ရာငါးစာချ၊ ကောက်ရိုးမီးကဲ့သို့ အထက်လူကြီးစိတ်ဝင်စားသည့်အချိန် ထလုပ်ခြင်းမဟုတ်ဘဲ စဉ်ဆက်မပြတ်ဆောင်ရွက်မှသာ ကျောင်းကောင်းအင်္ဂါရပ်နှင့်ပြည့်စုံပြီး နောင်တစ်ခေတ်အတွက် အရည်အချင်းပြည့်ဝကောင်းမွန်သော ခေါင်းဆောင်ကောင်း ဝန်ထမ်းကောင်းများကို မွေးထုတ်နိုင်သည့်ကျောင်းများ ဖြစ်ပေါ်စေလိမ့်မည်။ ကျောင်းကျန်းမာရေးလုပ်ငန်းဆို၍ မိမိတို့ လွန်ခဲ့သည့်နှစ်သုံးဆယ်ကျော်က အတွေ့အကြုံကိုလည်း မျှဝေလိုပါသည်။

မန္တလေးတိုင်း ပျော်ဘွယ်မြို့နယ်တွင် ၁၉၈၈ ခုနှစ်နောက်ပိုင်းကာလက တာဝန်ထမ်းဆောင်ခဲ့ရာ၌ မြို့နယ်ကျန်းမာရေးဦးစီးဌာနတွင် ဖွဲ့စည်းပုံအရ ကျောင်းကျန်းမာရေးအဖွဲ့ဟူ၍ သီးခြားမရှိပါ။ သို့သော်လည်း ပညာရေးဌာနမှ ပုဂ္ဂိုလ်များနှင့် ခင်မင်ရင်းနှီးမှုအရ ကျောင်းကျန်းမာရေးလုပ်ငန်းများကို လုပ်သင့်လုပ်ထိုက်သောလုပ်ငန်းများဟုမြော်တွေး၍ မြို့နယ်အတွင်းရှိ ကျောင်းကျန်းမာရေးနှင့် ကျောင်းတွင်းအာဟာရကျွေးလုပ်ငန်းစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော်ခဲ့ကြသည်။ ကျောင်းကျန်းမာရေးလုပ်ငန်းတွင် လုပ်ငန်းစဉ် (၇)ရပ်ပါရှိသည်။ ယင်းတို့မှာ-

(၁) ပတ်ဝန်းကျင်သန့်ရှင်းရေးနှင့် တစ်ကိုယ်ရေသန့်ရှင်းရေး (ရေကောင်းရေသန့်ရရှိသုံးစွဲရေးနှင့် ကျောင်းယင်လုံအိမ်သာ စနစ်တကျ ဆောက်လုပ်သုံးစွဲရေး၊ အစားအစာသန့်ရှင်းရေး၊ လက်သန့်ရှင်းရေး)၊
(၂) ကျောင်းသား ကျောင်းသူများအား ကျန်းမာရေးပုံမှန်စစ်ဆေးပေးခြင်း၊
(၃) ရောဂါတွေ့ရှိပါက ကုသပေးခြင်း၊ ညွှန်းပို့ပေးခြင်း၊
(၄) ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း (ခြင်၊ ယင်၊ ပိုးလောက်လမ်းနှိမ်နင်းရေး စသည်ဖြင့်)၊
(၅) အာဟာရဖွံ့ဖြိုးမှုလုပ်ငန်းများဆောင်ရွက်ခြင်း၊
(၆) ကျန်းမာရေးပညာပေးခြင်း၊
(၇) ခန္ဓာကိုယ်ကျန်းမာဖွံ့ဖြိုးရေးနှင့် အာဟာရဖွံ့ဖြိုးမှုချို့တဲ့မှုများအား သုတေသနပြုလုပ်ခြင်းတို့ ပါဝင်ပါသည်။

ထိုလုပ်ငန်းစဉ်များအပေါ်တွင် အခြေတည်၍ မိမိတို့၏ ကျောင်းကျန်းမာရေးနှင့် ကျောင်းတွင်းအာဟာရကျွေးလုပ်ငန်းစီမံချက်ကို စစ်ဆေးချက်ပုံစံ (Check List) များဖြင့် အမှတ်ပေးသည့်စနစ်ဖြင့် ကျောင်းဝင်းကာရံထားမှုနှင့် လုံခြုံမှုရှိ/မရှိ။ ယင်လုံအိမ်သာ စနစ်တကျဆောက်လုပ်ထားမှု၊ အိမ်သာ၌ လက်ဆေးရေနှင့် ဆပ်ပြာ၊ သဲ၊ သဲဆပ်ပြာ၊ ပြာ ရှိ/မရှိ။ ကျောင်းဝင်းသန့်ရှင်းရေးရှိ/မရှိ။ အရိပ်ပင်၊ ပန်းအလှပင်၊ ပရဆေးပင်၊ စားသုံးသီးနှံပင်စိုက်ပျိုးထားမှု ရှိ/မရှိ။ အမှိုက်ပုံးအဖုံးပါ ရှိ/မရှိ။ အမှိုက်ကျင်းထားရှိခြင်း ရှိ/မရှိ။ ကျင်းပြည့်က မီးရှို့မှု ရှိ/မရှိ။ ကျောင်းကစားကွင်းကောင်းမွန်မှု ရှိ/မရှိ။ ကျောင်းစာသင်ခန်း အလင်းရောင်ဝင်ရောက်မှုလုံလောက်ခြင်းရှိ/မရှိ။ စာသင်ပုန်းကြီးဆေးသုတ်ထားခြင်း ရှိ/မရှိ။ အတန်းတိုင်း သောက်ရေအိုးစင် ရှိ/မရှိ။ ရေအိုး၌ လက်ကိုင်ပါသောက်ရေခွက်နှင့် အညာဒေသဖုန်သဲဒဏ်မှ အကာအကွယ်ပြုရန် ဖုန်ကာအုပ်ဆောင်းအုပ်ထား/မထား။ စာသင်ခန်းလေဝင်လေထွက်ကောင်းမွန်မှု ရှိ/မရှိ စသည့် အချက်များကို စစ်ဆေးချက်ပုံစံ (Check List) များအတိုင်း အမှတ်ပေးကြသည်။

(ဆက်လက်ဖော်ပြပါမည်)




## နောက်နှစ်ရက် အတွက် ခန့်မှန်းချက်

နေပြည်တော် စက်တင်ဘာ ၁၄

ရန်ကုန် တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာမည်။

မိုး/ဇလ

## ရန်ကင်းမြို့နယ်၌ လွှတ်တော်ကိုယ်စားလှယ်များနှင့် ဌာနဆိုင်ရာများ တွေ့ဆုံဆွေးနွေး

ရန်ကုန် စက်တင်ဘာ ၁၄

ရန်ကုန် တိုင်းဒေသကြီး ရန်ကင်းမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး ဌာနဆိုင်ရာများ၏ လုပ်ငန်းဆောင်ရွက်ချက်များနှင့် လိုအပ်ချက်များကို အပြန်အလှန်ဆွေးနွေးညှိနှိုင်းနိုင်ရေးအတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီနှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများ တွေ့ဆုံပွဲကို ယနေ့ မွန်းလွဲပိုင်းက အမှတ်(၁၄) ရပ်ကွက် မိုးကောင်း သာသနာ့ဗိမာန်တော်ကြီး၌ ကျင်းပသည်။



အခမ်းအနားတွင် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတင့်ဇော်နှင့် မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးဂျွန်စံတို့က အမှာစကား ပြောကြားသည်။ ထို့နောက် ရန်ကင်းမြို့နယ်အတွင်းရှိ မြို့နယ်အဆင့် ဌာနဆိုင်ရာများက မိမိတို့ဌာနအလိုက် လက်ရှိဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ၊ ဒေသဖွံ့ဖြိုးရေးနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်ပေးနေမှုများ၊ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများနှင့် လိုအပ်ချက်များကိုသက်ဆိုင်ရာကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် လွှတ်တော်ကိုယ်စားလှယ်များက ဌာနဆိုင်ရာများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များကို မေးမြန်းဆွေးနွေးခြင်း၊ လုပ်ငန်းများ ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရေး အတွက် သက်ဆိုင်ရာ ဌာနများအကြား ပူးပေါင်းညှိနှိုင်း ဆောင်ရွက်ရန် လိုအပ်သည်များကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

လှလှထွေး(ပြန်/ဆက်)

## ကျောင်းကုန်းမြို့၌ ကျန်းမာရေးမှူး(၄) သင်တန်းဖွင့်လှစ်ပို့ချ

ကျောင်းကုန်း စက်တင်ဘာ ၁၄

ဧရာဝတီတိုင်းဒေသကြီး ကျောင်းကုန်းမြို့နယ် ခုတင်(၁၀၀) ပြည်သူ့ဆေးရုံရှိ ဒေါ်သန်းတင်ခန်းမ၌ ကျန်းမာရေးမှူး(၄) သင်တန်းဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာထိန်ဝင်းက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကို ပြောကြားသည်။

အဆိုပါသင်တန်းသို့ ကျောင်းကုန်းမြို့နယ်မှ ၂၂ ဦး၊ ရေကြည်မြို့နယ်မှ ၁၈ ဦးနှင့် ကျုံပျော်မြို့နယ်မှ ၂၄ ဦး စုစုပေါင်း ၆၄ ဦးတို့အား နည်းပြဆရာများက သင်ကြားပို့ချပေးသွားမည်ဖြစ်သည်။ သင်တန်းကာလမှာ ခြောက်လကြာမြင့်မည်ဖြစ်ပြီး သင်တန်းပြီးဆုံးပါက သင်တန်းအောင်လက်မှတ်များ ချီးမြှင့်ပေးအပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## ထောပတ်သီးများ ပြည်ပဈေးကွက်ဝင်နိုင်ရေး နည်းပညာပေးသင်တန်းဖွင့်

ဟိုပုံး စက်တင်ဘာ ၁၄

ဟိုပုံးမြို့နယ် မဲနယ်တောင်ဒေသထွက် ထောပတ်သီးများ အရည်အသွေးကောင်းမွန်ပြီး နိုင်ငံတကာဈေးကွက်ဝင် စံချိန်စံညွှန်းများနှင့် ကိုက်ညီစွာ ထုတ်လုပ်နိုင်ရေးအတွက် ထောပတ်သီးစိုက်ပျိုးရေး



နည်းပညာပေးသင်တန်းကို ဒုံလိတန်ကျေးရွာ၌ ဖွင့်လှစ်သည်။

အဆိုပါသင်တန်းကို ဟိုပုံးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် အထူးဒေသ-၆ စိုက်ပျိုးရေးနှင့်မွေးမြူရေးဌာန(ဗဟို)တို့ ပူးပေါင်းဖွင့်လှစ်ခြင်းဖြစ်ပြီး ထောပတ်သီးစိုက်ပျိုးတောင်သူများအား GAP စိုက်ပျိုးရေးနည်းစနစ်၊ မြေယာနှင့် စိုက်ခင်းပြင်ဆင်မှု၊ မျိုးကောင်းမျိုးသန့် ရွေးချယ်မှု၊ ရေသွင်းခြင်းနှင့် မြေဩဇာအသုံးပြုမှု၊ ပိုးမွှားနှင့် ရောဂါကာကွယ်နှိမ်နင်းမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းသင်ကြားပေးသည်။

သင်တန်းမှတစ်ဆင့် အရည်အသွေးမြင့် ထောပတ်သီးများ ထုတ်လုပ်နိုင်ရေး၊ ပြည်ပဈေးကွက်စံနှုန်းနှင့်ကိုက်ညီသည့် ထုတ်ကုန်များရရှိရေး၊ တရုတ်နိုင်ငံအပါအဝင် ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချနိုင်ရေးနှင့် တောင်သူများ၏ ဝင်ငွေတိုးတက်ရေးတို့ကို ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## သထုံမြို့နယ်၌ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကွင်းဆင်းစစ်ဆေး

သထုံ စက်တင်ဘာ ၁၄

မွန်ပြည်နယ် သထုံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက သရက်တောကျေးရွာ၌ ကျေးလက်စီးပွားမြင့်မားရေး ရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း စီမံကိန်း (RBF) ရန်ပုံငွေဖြင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ယမန်နေ့တွင် တာဝန်ရှိသူများက ကွင်းဆင်းစစ်ဆေးသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး၊ မွန်ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် ဝန်ထမ်းများက မွေးမြူရေးလုပ်ငန်းများအား အစုအဖွဲ့စနစ်ဖြင့် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

အဆိုပါ သရက်တောကျေးရွာ၌ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သော တိုးတက်အောင်၊ ပန်းသတင်း၊ မပန်းဝေနှင့် ထုတ်ကုန်လုပ်ငန်းလုပ်ကိုင်သော ပန်းသစ္စာအဖွဲ့လေးဖွဲ့အား တစ်ဖွဲ့ လျှင် ငွေကျပ် ၇ ဒသမ ၅ သန်း ထုတ်ချေးထားကြောင်း သိရသည်။

သုတ



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်တွင် ဟသ္သာတမြို့နယ် ခရိုင်ပြည်သူ့ဆေးရုံကြီးဝင်း၌ ဒုတိယခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးနေဝင်း ဦးဆောင်၍ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ခရိုင်(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဒေါပုံမြို့နယ် အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၁၂ ရက်တွင် ရဲတပ်ဖွဲ့မှူး ရဲမှူး သိန်းဇော်လှိုင် ဦးစီး၍ တပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ချစ်စုဝေ(ပြန်/ဆက်)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၂ ရက်တွင် ရေကြောင်းရဲတပ်ဖွဲ့ အမှတ်(၃) ရေကြောင်းရဲကွပ်ကဲမှုအဖွဲ့ခွဲ(ရန်ကုန်)မှ ကွပ်ကဲမှုအဖွဲ့ခွဲမှူး ဦးစီးသောတပ်ဖွဲ့ဝင်များသည် ဗိုလ်တထောင်မြို့နယ် ကျိုက်ဒေးအပ်ဆံတော်ဦးစေတီ ဘုရားရင်ပြင်တော်၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။ (ကြေးမုံ)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၃ ရက်တွင် သာဂရအမြန်လမ်းမကြီးရဲစခန်းမှ စခန်းမှူး ရဲအုပ် စည်သူအောင် ဦးစီးသော တပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များသည် ရေတာရှည်မြို့နယ် (၆)မိုင်ကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း၌ သန့်ရှင်းရေးဆောင်ရွက်စဉ်။ ချမ်းသာ(မိတ္ထီလာ)



(၆၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မန္တလေးတိုင်းဒေသကြီး စဉ့်ကိုင်မြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူးဇော်မင်းနိုင် ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက စက်တင်ဘာ ၁၂ ရက်တွင် မြို့နယ်ပြည်သူ့ဆေးရုံကြီးဝင်းအတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

မြို့နယ်(ပြန်/ဆက်)

# တရုတ်နိုင်ငံ၌ ၂၀၂၄ ခုနှစ် တရုတ်နိုင်ငံတကာဝန်ဆောင်မှုကုန်သွယ်ရေးပြပွဲ အောင်မြင်စွာကျင်းပပြီးစီး

**ပေကျင်း စက်တင်ဘာ ၁၄**

တရုတ်နိုင်ငံ မြို့တော်ပေကျင်းတွင် ယခုနှစ် စက်တင်ဘာ ၉ ရက်မှ ၁၃ ရက်အထိ ကျင်းပခဲ့သည့် ၂၀၂၄ ခုနှစ် တရုတ်နိုင်ငံတကာ ဝန်ဆောင်မှုကုန်သွယ်ရေးပြပွဲ (CIFTIS)တွင် နိုင်ငံအတွင်းရှိ လုပ်ငန်းကဏ္ဍများအတွက် ပူးပေါင်းဆောင်ရွက်မှုအား မြှင့်တင်နိုင်ခဲ့ပြီး ကမ္ဘာ့စီးပွားရေးအတွက် ခိုင်မာသည့်အဟုန်တစ်ခုကို ရရှိခဲ့ကြောင်း သိရသည်။

အဆိုပါ ကုန်သွယ်ရေးပြပွဲတွင် ညီလာခံနှင့် ထိပ်သီးဆွေးနွေးပွဲများအရေအတွက် ၁၀၀ ကို ကျင်းပခဲ့ခြင်းနှင့်အတူ ဈေးကွက်မြှင့်တင်ရေးပွဲအရေအတွက် ၁၀၀ အား ကျင်းပခဲ့ကြောင်း တရုတ်နိုင်ငံ ကုန်သွယ်ရေးဝန်ကြီးဌာန တာဝန်ရှိသူတစ်ဦးဖြစ်သည့် ဂေါင်ရိုက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

**မြှင့်တင်ဆောင်ရွက်**

ယခုကဲ့သို့ ကုန်သွယ်ရေးပြပွဲကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းဖြင့် တရုတ်နိုင်ငံသည် မိမိ၏ အဆင့်မြင့်ဖွံ့ဖြိုးမှုကို မြှင့်တင်ဆောင်ရွက်နိုင်ခဲ့ကြောင်း ၎င်းကပြောကြားသည်။

ယခုကျင်းပသည့် CIFTIS ပွဲတော်သည် ကဏ္ဍခုနစ်ခုတွင် ရလဒ်ပေါင်း ၁၂၀၀ ကျော်ကို ရရှိခဲ့ပြီး အရင်းအမြစ်များ ချိတ်ဆက်ပေးခြင်း၊ အပြန်အလှန်ဖလှယ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို ထိရောက်စွာ မြှင့်တင်ပေးနိုင်ခဲ့ကာ ပြပွဲတွင် ဂုဏ်ထူးဆောင်ဧည့်သည်တော်နိုင်ငံအဖြစ် ဆောင်ရွက်ခဲ့သည့် နော်ဝေနိုင်ငံသည် တရုတ်လုပ်ငန်းများနှင့် အဖွဲ့အစည်းများအကြား ပူးပေါင်းဆောင်ရွက်ရေး သဘောတူညီချက်ခြောက်ခုကို လက်မှတ်ရေးထိုးခဲ့ကြောင်း ပေကျင်းမြို့တော် စီးပွားရေးနှင့် ကုန်သွယ်ရေးဗျူရို၏ ဒုတိယအကြီးအကဲနှင့် ပြောရေးဆိုခွင့်ရှိသူ Lu Huiling က ပြောကြားသည်။



ယခုနှစ်ပွဲတော်တွင် ပွဲကျင်းပရာနေရာဖြစ်သည့် Shougang Park သို့ လာရောက်လည်ပတ်သူ အရေအတွက်လည်း များပြားလာခဲ့သည်။ CIFTIS ၏ အဓိကနေရာများသို့လာရောက်လည်ပတ်သူဦးရေ ၄၂၀၀၀၀ ရှိခဲ့ပြီး ယင်းမှာ ယခင်နှစ်ကာလတူထက် ၃၆ ဒသမ ၆ ရာခိုင်နှုန်း တိုးတက်လာခြင်းဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

**ကိုးကား – ဆင်ဟွာ၊ဘာသာပြန် – စိုးသူရ**



# ဂျပန်နိုင်ငံရှိ ဖူဂျီတောင်သို့ တောင်တက်သူများအတွက် စည်းကမ်းများတင်းကျပ်မည်

**တိုကျို စက်တင်ဘာ ၁၄**

ဂျပန်နိုင်ငံရှိ ဖူဂျီတောင်သို့ တောင်တက်သူများအတွက် စည်းကမ်းများကို တင်းကျပ်ရန် ဆုံးဖြတ်လိုက်ကြောင်း သိရသည်။

ဖူဂျီတောင်သို့တက်ရာတွင် မတော်တဆမှုများမဖြစ်ပွားစေရေး နည်းလမ်းများကို ဆွေးနွေးရန် ရှီဇူအိုကာစီရင်စုမှ တာဝန်ရှိသူများသည် စက်တင်ဘာ ၁၄ ရက်က တွေ့ဆုံဆွေးနွေးခဲ့ကြသည်။

တာဝန်ရှိသူများသည် ဘေးအန္တရာယ်များနိုင်သည့် စက်တင်ဘာလမှ ဇူလိုင်လအတွင်း တောင်မတက်ကြရန် ဆောင်ရွက်မည်ဖြစ်ပြီး တစ်ဖက်တွင်လည်း တောင်တက်ရာတွင် ဆောင်ရွက်ရမည့် ဘေးကင်းလုံခြုံရေးဆိုင်ရာ အစီအမံသစ်များကို ချမှတ်ဆောင်ရွက်သွားမည်ဖြစ်သည်။ တောင်တက်ခွင့်မပြုသည့်ကာလအတွင်း တောင်တက်မည့်သူများသည် မိမိတို့၏တောင်တက်အစီအစဉ်များကို ကြိုတင်စာရင်းပေးသွင်းထားရန် လိုအပ်မည်ဖြစ်သည်။

စာရင်းပေးသွင်းခြင်းမပြုလုပ်ဘဲ တောင်တက်ပြီးနောက် ကယ်ဆယ်ရေးအကူအညီတောင်းခံပါက ဒဏ်ကြေးနှင့် ပြစ်ဒဏ်များ ချမှတ်ခံရနိုင်ခြေရှိသည်။ စာရင်းပေးသွင်းခြင်းမပြုလုပ်ဘဲ တောင်တက်သူများအနေဖြင့် ရဟတ်ယာဉ်ဖြင့် ကယ်ဆယ်မှုပြုလုပ်ရပါက ကုန်ကျစရိတ်ကို ပေးဆောင်စေသင့်ကြောင်း ဒေသခံအသိုင်းအဝိုင်းက တောင်းဆိုထားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ၊ဘာသာပြန် – စိုးသူရ**

# တရုတ်နိုင်ငံ၌ ကလေးပြုစုစောင့်ရှောက်ရေးလုပ်ငန်း မြှင့်တင်ဆောင်ရွက်

**ပေကျင်း စက်တင်ဘာ ၁၄**

တရုတ်နိုင်ငံသည် ကလေးပြုစုစောင့်ရှောက်ရေး လုပ်ငန်းများအား မြှင့်တင်ဆောင်ရွက်သွားမည် ဖြစ်ကြောင်းနှင့် နိုင်ငံသားတိုင်း လက်လှမ်းမီနိုင်သည့် ကုန်ကျစရိတ်သာရှိသည့် ကလေးပြုစုစောင့်ရှောက်ရေးလုပ်ငန်းများကို အကောင်အထည်ဖော် ဆောင်ရွက်မည်ဖြစ်ကြောင်း အမျိုးသား ကျန်းမာရေးကော်မရှင်အကြီးအကဲ လိုင်ဟိုင်ချီက စက်တင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။



စဉ်ဆက်မပြတ်သည့် ကြိုးပမ်းဆောင်ရွက်မှုများအနေဖြင့် မူလတန်းကြိုကျောင်းများနှင့် ကလေးပြုစုရေးစင်တာများရှိဝန်ဆောင်မှုလုပ်ငန်းများကို မြှင့်တင်မည်ဖြစ်ပြီး လူမှုအသိုင်းအဝိုင်းများအတွင်း ကလေးပြုစုရေးစင်တာများ တည်ထောင်နိုင်ရေး ဆောင်ရွက်မည်ဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ယခုအစီအစဉ်အား အကောင်အထည်ဖော်ဆောင်ရွက်ခြင်းသည် မိသားစုတိုင်းအတွက် အိမ်နှင့်လုပ်ငန်းခွင်အနီးတွင် ကလေးပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုအား သင့်တော်သည့်ဈေးနှုန်းဖြင့် ရရှိရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။

ကလေးငယ်များအတွက် ကလေးစောင့်ရှောက်မှုဝန်ဆောင်မှုများ ရရှိနိုင်မှုကို တိုးမြှင့်ပေးခြင်းအားဖြင့် ကလေးမွေးဖွားခြင်း၊ ပြုစုပျိုးထောင်ခြင်းနှင့် ပညာ သင်ကြားပေးခြင်းတို့အတွက် မိသားစုများ၏ကုန်ကျစရိတ်ကိုထိရောက်စွာလျှော့ချနိုင်ရန် အဆိုပါကော်မရှင်က ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

နိုင်ငံအတွင်းရှိ အခြေခံလူတန်းစားများဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုအဖွဲ့အစည်းများတွင်လည်း ကလေးသူငယ်ကုသရေးလုပ်ငန်းများကို မြှင့်တင်ဆောင်ရွက်နေကြောင်း ၎င်းကပြောကြားသည်။

ယခုနှစ်ကုန်တွင် ကလေးအထူးကုဆေးကုသမှုဝန်ဆောင်မှုများ ပေးအပ်နိုင်မည့် ရပ်ရွာအဆင့် ကျန်းမာရေးစောင့်ရှောက်မှုဌာန အရေအတွက်သည် ယခင်နှစ်ကထက် အရေအတွက် ၁၀၀၀ ပိုမိုများပြားလာမည်ဖြစ်ကြောင်း ၎င်းကပြောကြားခဲ့သည်။

ကလေးရှိသော မိသားစုများ၏ ကုန်ကျစရိတ်ကို လျှော့ချပေးနိုင်ရန်အတွက် တရုတ်နိုင်ငံသည် ကိုယ်ဝန်မဆောင်မီကာလ၊ ကိုယ်ဝန်ဆောင်ကာလ၊ မီးဖွားချိန်နှင့် ကလေးပြုစုပျိုးထောင်ချိန်တို့ ပါဝင်သည့် ကိုယ်ဝန်ဆောင်နှင့် မိခင်စောင့်ရှောက်ရေးဆိုင်ရာ ပြည့်စုံသောစနစ်တစ်ခုကို အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း သိရသည်။ ၎င်းစနစ်တွင် မိခင်စောင့်ရှောက်ရေးထောက်ပံ့ကြေးများ၊ ကလေးပြုစုစောင့်ရှောက်မှု ထောက်ပံ့ကြေးများ၊ ဆေးကုသစရိတ် ပြန်လည်ထုတ်ယူခွင့်နှင့် သင့်တင့်မျှတသောဈေးနှုန်းဖြင့် ကလေးပြုစုစောင့်ရှောက်ရေး ဝန်ဆောင်မှုများ ပါဝင်သည်။

**ကိုးကား – ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**

# အိုက်စလန်အစိုးရက နိုင်ငံအတွင်း စီးပွားဖြစ်ဝေလငါးဖမ်းဆီးခြင်းမှ တားမြစ်မည့်ဥပဒေကြမ်း ပါလီမန်သို့တင်သွင်းမည်

**ရေကျာဗစ် စက်တင်ဘာ ၁၄**

အိုက်စလန်အစိုးရသည် နိုင်ငံအတွင်း စီးပွားဖြစ်ဝေလငါးဖမ်းဆီးခြင်းမှ တားမြစ်မည့် ဥပဒေကြမ်းတစ်ရပ်ကို လာမည့်နှစ်ဖေဖော်ဝါရီတွင် ပါလီမန်သို့ တင်သွင်းမည်ဖြစ်ကြောင်း သိရသည်။

၎င်းဥပဒေကြမ်းအား အတည်ပြုခဲ့ပါက ဝေလငါးဖမ်းဆီးခြင်းလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်သည့် နိုင်ငံများအဖြစ် ဂျပန်နှင့်နော်ဝေနိုင်ငံတို့သာ ကျန်ရှိတော့မည်ဖြစ်သည်။



ယခုကဲ့သို့ နိုင်ငံအတွင်း ဝေလငါးဖမ်းဆီးမှုရပ်တန့်မည့် ကြေညာချက်အား အိုက်စလန်အစိုးရက စက်တင်ဘာ ၉ ရက်တွင် ကြေညာခဲ့ခြင်းဖြစ်ပြီး ယခုကဲ့သို့ ဆောင်ရွက်ခြင်းသည် ဝေလငါးဆိုင်ရာ စီမံခန့်ခွဲရေးအဖွဲ့တစ်ခု၏ အစီရင်ခံစာအပေါ် အခြေခံသည်ဟု သိရသည်။ ယခုနှစ်အတွင်း ဝေလငါးကောင်ရေ ၈၀ ကို ဖမ်းဆီးရမိကြောင်း သိရသည်။

ယခုတင်သွင်းမည့် ဥပဒေကြမ်းအတွက် နိုင်ငံသားများထံမှ ထောက်ခံမှုရရှိမည်ဟု မျှော်လင့်ထားကြောင်း တိရစ္ဆာန်လုပ်ငန်းဆိုင်ရာ အဖွဲ့အစည်းတစ်ခုက ပြောကြားသည်။

**ကိုးကား – အင်န်အိတ်ချ်ကေ ဘာသာပြန် – စိုးသူရ**

# ဆော်ဒီအာရေးဗျရှိ လေတပ်အခြေစိုက်စခန်းအား တိုက်ခိုက်ခဲ့ဟု ဟူသီစစ်သွေးကြွအဖွဲ့ပြောကြား

**ဆာနား စက်တင်ဘာ ၁၄**

ဆော်ဒီအာရေးဗျနိုင်ငံ အနောက်တောင်ပိုင်းရှိလေတပ်အခြေစိုက်စခန်းတစ်ခုအား ဒုံးကျည်များနှင့် ဒရုန်းများအသုံးပြုတိုက်ခိုက်ခဲ့ကြောင်း ယီမင်နိုင်ငံရှိ ဟူသီစစ်သွေးကြွအဖွဲ့က စက်တင်ဘာ ၁၄ ရက်တွင် ပြောကြားသည်။

ယီမင်နိုင်ငံနယ်စပ်အနီး ခါမစ်မူရက်မြို့ရှိ ဘုရင်ခါလစ်လေတပ်စခန်းအား ဒုံးကျည်များ၊ ဒရုန်းများဖြင့်တိုက်ခိုက်ခဲ့ကြောင်း ဟူသီအဖွဲ့ပြောရေးဆိုခွင့်ရှိသူ ယာယာ ဆာယီယာက ပြောကြားသည်။ ၎င်းတိုက်ခိုက်မှုသည် တိုက်လေယာဉ်သိုလှောင်ရုံများ၊ ရေဒါစနစ်များ၊ လေယာဉ်ပြေးလမ်းများ၊ လက်နက်ရုံများနှင့်အခြားစစ်ဘက်ဆိုင်ရာ အဆောက်အအုံများအား ပစ်မှတ်ထားတိုက်ခိုက်ခြင်းဖြစ်ကြောင်း ၎င်းကပြောကြားသည်။ ယခုတိုက်ခိုက်မှုသည် ယီမင်နိုင်ငံရှိ ဒေသများအား ပြီးခဲ့သည့်ရက်အတွင်းက ဆော်ဒီတိုက်လေယာဉ်များ၏ တိုက်ခိုက်မှုကို တုံ့ပြန်ခြင်းဖြစ်ကြောင်းနှင့် ယီမင်နိုင်ငံအတွင်း ဆောင်ရွက်နေသည့် လေကြောင်းတိုက်ခိုက်မှုများ မရပ်ပါက ပြင်းထန်သောတိုက်ခိုက်မှုများဖြင့် တုံ့ပြန်မည်ဟု ၎င်းကပြောကြားသည်။

**ကိုးကား– ဆင်ဟွာ၊ ဘာသာပြန် – စိုးသူရ**





PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံလက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများအား တာဝန်ရှိသူများက လိုက်လံကြည့်ရှုစဉ်။



PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံလက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများအား တာဝန်ရှိသူများက လိုက်လံကြည့်ရှုစဉ်။



နိုင်ငံတော်နှင့်တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို လက်ခံယုံကြည်သည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံလက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာမှုအား တွေ့ရစဉ်။



PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံလက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများအား တွေ့ရစဉ်။



ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံလက်နက်ကိုင်အဖွဲ့ဝင်များအား တာဝန်ရှိသူများက စနစ်တကျ ကြိုဆိုလက်ခံစဉ်။

**○ ကျောဖုံးမှ**

လွတ်လပ်စွာ နေထိုင်လုပ်ကိုင်ခွင့်ရရှိအောင် သက်ဆိုင်ရာတာဝန်ရှိသူများက စီမံဆောင်ရွက်ပေးခြင်း၊ နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များကို နားလည် သဘောပေါက်လာခြင်းတို့ကြောင့် PDF အမည်ခံ အဖွဲ့ဝင်များ၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များသည် လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လျက်ရှိကြသည်။

ထိုသို့နိုင်ငံတော်နှင့် တပ်မတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များနှင့် သဘောထားအမှန်ကို သဘောပေါက်နားလည်ပြီး ၂၀၂၂ ခုနှစ်မှစ၍ ယနေ့အထိ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာမှု အနေဖြင့် နေပြည်တော် တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၂၅ ဦး၊ အမျိုးသမီး တစ်ဦး စုစုပေါင်း ၂၆ ဦး၊ လက်နက်မျိုးစုံ ၂၂ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၃၄ ဦး၊ အမျိုးသမီး သုံးဦး စုစုပေါင်း ၁၃၇ ဦး၊ လက်နက်မျိုးစုံ ၄၄ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၆၉၀၊ အမျိုးသမီး ၂၀၄ ဦး စုစုပေါင်း ၈၉၄ ဦး၊ လက်နက်မျိုးစုံ ၁၁ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၂၉၆ ဦး၊ အမျိုးသမီး ၂၉ ဦး စုစုပေါင်း ၃၂၅ ဦး၊ လက်နက်မျိုးစုံ အလက် ၉၀ နှင့်ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား နှစ်ဦး၊ အမျိုးသမီးနှစ်ဦး စုစုပေါင်း လေးဦး၊ လက်နက်ငယ် တစ်လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ ဧရာဝတီတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၃ ဦး၊ လက်နက်မျိုးစုံ ၁၁ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၄၉ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၅၄ ဦး၊ လက်နက်မျိုးစုံ ၄၈ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၆၉ ဦး၊ အမျိုးသမီး ၁၁ ဦး စုစုပေါင်း ၈၀၊ လက်နက်မျိုးစုံ ၂၇ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၇၀၊ အမျိုးသမီး ၂၈ ဦး စုစုပေါင်း ၁၉၈ ဦး၊ လက်နက်ငယ် တစ်လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အနောက်တောင် တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၄၇ ဦး၊ အမျိုးသမီး ငါးဦး စုစုပေါင်း ၁၅၂ ဦး၊ လက်နက်မျိုးစုံ ၃၅ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့်လည်းကောင်း၊ အနောက်ပိုင်းတိုင်း စစ်ဌာနချုပ်တွင် အမျိုးသား ၁၂ ဦး၊ အနောက်မြောက် တိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၅၃၂ ဦး၊ အမျိုးသမီး ၄၈ ဦး စုစုပေါင်း ၅၈၀၊ လက်နက်မျိုးစုံ ၁၃၃ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၂၆၄၅ ဦး၊ အမျိုးသမီး ၂၈၁ ဦး စုစုပေါင်း ၂၉၂၆ ဦး၊ လက်နက်မျိုးစုံ ၂၂၉ လက်နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တွင် အမျိုးသား ၁၅၂ ဦး၊ အမျိုးသမီး ၁၉ ဦး စုစုပေါင်း ၁၇၁ ဦး၊ လက်နက်မျိုးစုံ အလက် ၆၀ နှင့် ဆက်စပ်ပစ္စည်းများဖြင့် လည်းကောင်း ဝင်ရောက်လာခဲ့ပြီး ဥပဒေဘောင်အတွင်း ဝင်ရောက်လာမှု အနေဖြင့် အမျိုးသား ၅၀၃၆ ဦးနှင့် အမျိုးသမီး ၆၃၆ ဦး စုစုပေါင်း ၅၆၇၂ ဦးဖြစ်ပြီး လက်နက်မျိုးစုံ ၆၉၂ လက်ဖြစ်ကြောင်း သိရသည်။

အဆိုပါဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာကြသည့် PDF အမည်ခံအဖွဲ့ဝင်များသည် CRPH၊ NUG အကြမ်းဖက်အဖွဲ့များ၏ ၎င်းတို့ ကိုယ်တိုင်ဖန်တီးခဲ့သော နိုင်ငံရေးဖြစ်စဉ်ကို အသုံးချ၍ ယုတ်မာစွာဖြင့် နည်းလမ်းမျိုးစုံ အသုံးပြုကာ သွေးဆောင်စည်းရုံးမှု၊ ငွေကြေးဆိုင်ရာမက်လုံးပေးမှုများနှင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများကြောင့် PDF အကြမ်းဖက်အဖွဲ့များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့တို့ထံ ဝင်ရောက်ခဲ့ရပြီး အကြမ်းဖက်အဖွဲ့များ၏ အကျိုးစီးပွားအတွက် အပြစ်မဲ့ပြည်သူများနှင့် နိုင်ငံ့ဝန်ထမ်းများအား ခြိမ်းခြောက်၊ ဖမ်းဆီး၊ သတ်ဖြတ်ခြင်း၊ စစ်ရေးပစ်မှတ်မဟုတ်သည့် အခြေခံအဆောက်အအုံများ၊ လမ်း၊ တံတားများကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးခြင်းစသည့် အကြမ်းဖက်လုပ်ရပ်များကို လက်မခံနိုင်တော့ခြင်း၊ နိုင်ငံရေးကို ကြွေးကြော်၍

စာမျက်နှာ ၁၅ သို့ ○



PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများအား တာဝန်ရှိသူများက လိုက်လံကြည့်ရှုစဉ်။



PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများအား တွေ့ရစဉ်။

❍ စာမျက်နှာ ၁၄ မှ
လက်နက် ကိုင်ဆောင်ခဲ့သော်လည်း ကိုယ်တိုင်အကြမ်းဖက်သမားဘဝကိုရောက်ရှိနေကြောင်း သိမြင်လာခြင်း၊ ၎င်းအဖွဲ့များအတွင်း၌ပင် အထက်အောက်အဆင့်အတန်းခွဲခြား၍ အချင်းချင်း ဗိုလ်ကျနိုပ်စက်၊ သတ်ဖြတ်ခြင်း၊ အဓမ္မမှုကျူးလွန်ခြင်း၊ အနေအစားဆင်းရဲ၍ ပင်ပန်းဆင်းရဲစွာ နေထိုင်ရခြင်းနှင့် တပ်မတော်၏ တိုက်စစ်ကို ခုခံနိုင်တော့ခြင်းမရှိဘဲ စိတ်ဓာတ်ကျဆင်းလာခြင်းတို့အပြင် ၎င်းတို့ကြောင့် နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့ရသည့် နိုင်ငံတော်နှင့် ပြည်သူလူထုအတွက် ပြန်လည်အကျိုးပြုလိုခြင်း၊ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များကို နားလည်သဘောပေါက်လာခြင်းတို့ကြောင့် လက်နက်ကိုင် လမ်းစဉ်အား စွန့်လွှတ်၍ ယခုကဲ့သို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာကြသူများအား ပြန်လည်ကြိုဆိုလက်ခံ၍

စာမျက်နှာ ၁၆ သို့ »»»



ဥပဒေဘောင် အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည် ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များအား တာဝန်ရှိသူများက ကြိုဆိုလက်ခံ၍ မိဘအုပ်ထိန်းသူများထံ စနစ်တကျ ပြန်လည်လွှဲပြောင်းစဉ်။















ဥပဒေဘောင်အတွင်း လက်နက်၊ ခဲယမ်းများနှင့်အတူ ပြန်လည်ဝင်ရောက်လာကြသည့် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များအား တာဝန်ရှိသူများက စနစ်တကျကြိုဆိုလက်ခံစဉ်။

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့သည့် ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



**နေပြည်တော် စက်တင်ဘာ ၁၄**

နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် နယ်မြေလုံခြုံရေးတာဝန်များကို သက်စွန့်ကြိုးပမ်းထမ်းဆောင်၍ ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်းတပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ပဲခူးတိုင်းဒေသကြီး အင်းမမြို့ရှိ နယ်မြေခံတပ်၌ ပြုလုပ်ရာ တပ်နယ်မှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံစစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များ၊ အရာရှိစစ်သည်၊ မိသားစုဝင်များ၊ ကျောင်းသားကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ်စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေ အေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍ လည်းကောင်း၊ အိုးစည်ဒိုးပတ် အတီး၊ အမှုတ်၊ အက၊ အခုန်များဖြင့်လည်းကောင်း၊ သောင်းသောင်းဖြဖြဂုဏ်ပြုကြိုဆိုကြသည်။ ယင်းနောက် တပ်နယ်မှ တာဝန်ရှိသူတစ်ဦးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကားပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ကြောင်း သိရသည်။

**သတင်းစဉ်**

»»» **စာမျက်နှာ ၁၅ မှ**

လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ မိဘအုပ်ထိန်းသူများထံသို့ စနစ်တကျပြန်လည်လွှဲအပ်ပေးလျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး နိုင်ငံတော်အစိုးရ၊ တပ်မတော်တို့နှင့် လက်တွဲ၍ နိုင်ငံတော်အကျိုး၊ ဒေသအကျိုးကို ဖော်ဆောင်လိုသည့် ဥပဒေဘောင်အတွင်းသို့ ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်၊ မြို့နယ် အုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့ကြရန်နှင့် ထိုသို့ဆက်သွယ် သတင်းပို့လာပါက ကြိုဆိုလက်ခံကာ လိုအပ်သည့်ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် လက်နက်၊ ခဲယမ်းများအတွက် ဆုကြေးငွေများကို ထိုက်တန်စွာ ပေးအပ်ချီးမြှင့်လျက်ရှိသည်။

ထိုသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်လာသူများ၏ စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-



ကျွန်တော်ကတော့ PDF ထဲကို ၂၀၂၄ခုနှစ် ၁၂ လပိုင်းလောက်မှာ စတင် ဝင်ရောက်ခဲ့ပါတယ်။ ကျွန်တော် PDF ထဲရောက်ရောက်ချင်း အခြေခံသင်တန်းလေးလနဲ့ အထူးကွန်မန်ဒို သင်တန်း လေးလကို တက်ရောက်ခဲ့ပါတယ်။ သင်တန်းဆင်းပြီးတဲ့ နောက်ပိုင်းမှာ တပ်စိတ်မှူးဖြစ်ခဲ့ပါတယ်။ တပ်စိတ်မှူးအဖြစ်နဲ့ KNU တပ်မဟာနဲ့ပူးပေါင်းပြီး နေထိုင်ရပါတယ်။ ကျွန်တော်တို့နေထိုင်တဲ့နေရာကတော့ ပုလောနယ် တစ်ခွင်မှာ လှုပ်ရှား သွားလာရပါတယ်။ သူတို့တွေက ကျွန်တော်တို့ PDF တွေကို ခွဲခြားဆက်ဆံပါတယ်။ အလုပ်ကြမ်းတွေ လုပ်ခိုင်းတယ်။ နှိမ်တယ်။ အသက် အန္တရာယ်ရှိတဲ့ အလုပ်တွေကို ကျွန်တော်တို့တွေက လုပ်ခဲ့ရပါတယ်။ စစ်တိုက်တဲ့ နေရာမှာဆိုရင်လည်း ကျွန်တော်တို့ PDF တွေ ကပဲ အဓိက လုပ်ကိုင်ရပါတယ်။ သူတို့တွေက စကားပြောစက်တွေနဲ့ အမိန့်ပေးပြီး အနောက်မှာနေတာ များပါတယ်။ တချို့ဆိုရင် ဂိတ်ကြေးတွေ ကောက်တယ်။ ဆက်ကြေးတွေ ကောက်တယ်။ တချို့တွေဆိုရင်လည်း ထိုင်းထဲမှာ ကိုယ်ပိုင်အိမ်တွေတောင် ဝယ်ထားကြပါတယ်။ တချို့ခေါင်းဆောင်တွေကတော့ စီးပွားရေးသမားတွေ များလာတာကို သိရှိလာရပါတယ်။ ကျွန်တော်တို့တွေကတော့ တောထဲမှာ ပင်ပင်ပန်းပန်း ဆင်းဆင်းရဲရဲနဲ့ ဒုက္ခခံပြီးတော့ နေရတာများပါတယ်။ ဘယ်နေ့သေမလဲဆိုပြီး တွေးပြီးတော့နေရတာ များပါတယ်။ အမြဲတမ်း ကြောက်လန့်တဲ့ စိတ်တွေနဲ့ နေရတာလည်းများပါတယ်။ ကျွန်တော် ထွက်ပြေးဖို့ အကြိမ်ကြိမ် ကြိုးစားခဲ့ပါတယ်။ အခုမှပဲ လွတ်မြောက်လာခြင်း ဖြစ်ပါတယ်။ ကျွန်တော်အခွင့်အရေးသာတဲ့အချိန်မှာ တပ်ခွဲမှူးရဲ့သေနတ်ကို ခိုးယူပြီးတော့ တပ်မတော်ဘက်ကို အလင်းဝင်လိုက်ပါတယ်။ အခုလိုအလင်းဝင်လိုက်ပြီး နောက်ပိုင်းမှာ ကျွန်တော် ကောင်းကောင်းမွန်မွန် နေထိုင်ရတယ်။ ကောင်းကောင်းမွန်မွန် စားသောက်ရတယ်။ လူငယ်တစ်ယောက်ရဲ့ ဘဝပျော်ရွှင်မှု ခံစားခွင့်တွေကိုလည်း ပြန်လည်ရရှိပါတယ်။ အဲဒီအတွက် ကျွန်တော်နိုင်ငံတော်နဲ့ တပ်မတော်အပေါ် အထူးကျေးဇူးတင်ပါတယ်။ တောထဲမှာ ကျန်ရစ်ခဲ့တဲ့ ညီအစ်ကိုမောင်နှမ၊ အပေါင်းအသင်းPDF တွေကိုလည်း အမြန်ဆုံးအလင်းဝင်ပြီး မှန်ကန်တဲ့လမ်းကို ရွေးချယ်ပါလို့ ကျွန်တော်ပြောချင်ပါတယ်။



မြင်းခြံ BLACK TIGER မှာ တာဝန် ထမ်းဆောင်ပါတယ်။ ဖောက်ခွဲရေး ခေါင်းဆောင်ပါ။ ဒီတော်လှန်ရေး စလုပ်ခဲ့တာကတော့ ၁၄ နှစ်ကနေ စလုပ်ခဲ့တာပါ။ ပြောရရင် ၂၀၂၂ ခုနှစ်ကနေ စလုပ်ခဲ့တာပါ။ ရောက်ရောက်ချင်းမှာ သင်တန်းဆင်းရပါတယ်။ သင်တန်းဆင်းပြီးတော့ ရှေ့တန်းကို တန်းသွားရပါတယ်။ ရှေ့တန်းမှာ မြင်းခြံမြောက်ဘက်မှာ မိုင်းခေါင်းဆောင်အနေနဲ့ နေခဲ့ပါတယ်။ တိုက်ပွဲပေါင်းစုံ တိုက်ခဲ့ရပါတယ်။ နေရာပေါင်းစုံလည်း သွားခဲ့ရပါတယ်။ နေရာပေါင်းစုံသွားခဲ့ပြီးတဲ့ နောက်ပိုင်းမှာ အထက်ဖားအောက်ဖိ များခဲ့ပါတယ်။ ခေါင်းဆောင်တွေ တော်တော်များများကတော့ ဆေးခြောက်၊ WY ဆေးချပါတယ်။ ဒါပေမဲ့ ကျွန်တော်တို့ မလုပ်ခဲ့ပါဘူး။ တော်တော်များများ အကုန်လုံးက မူးယစ်ဆေးဝါးတွေ သုံးစွဲပါတယ်။ ပြောရရင် ရဲဘော်တွေပဲ အောက်မှာ နေပြီးတော့ ဘာမှမရဘဲနဲ့ လုပ်ကိုင်နေရပါတယ်။ တပ်မတော်က တိုက်ခိုက်မှုလာပြီဆိုလည်း သူတို့ကားတွေမောင်းပြီး သူတို့ခေါင်းဆောင်တွေက ပြေးပါတယ်။ ရဲဘော်တွေ သေသေကျေကျေ ထားခဲ့ပါတယ်။ သူတို့လက်နက်တွေ အကုန်လုံးယူပြီးတော့ ပြေးပါတယ်။ ကျွန်တော် ဒီထဲကို အလင်းဝင်လာတာက သူတို့ ယုတ်မာရိုင်းစိုင်း နှိပ်စက်တာတွေကြောင့် အလင်းဝင်လာတာ ဖြစ်ပါတယ်။ ကျွန်တော်ဒီလို အလင်းဝင်လာတဲ့ အချိန်မှာ တပ်မတော်က နွေးနွေးထွေးထွေး ကြိုဆိုပါတယ်။ သူတို့ပြောတဲ့ အတိုင်း သတ်မယ်၊ ဖြတ်မယ်၊ သူတို့ဘက်က ပြောတဲ့အတိုင်း မဟုတ်ပါဘူး။ နောက်လာမယ့် ညီအစ်ကိုတွေလည်း၊ ညီလေးတွေ၊ မောင်နှမတွေ အကုန်လုံးလည်း လာခဲ့ပါလို့ ဖိတ်ခေါ်ပါတယ်။




ကျွန်မ အကြမ်းဖက်အဖွဲ့အစည်းထဲကို စဝင်ခါစက ကျွန်မ အသက်က ၁၅ နှစ်ပဲ ရှိပါသေးတယ်။ အကြမ်းဖက်အဖွဲ့အစည်းထဲကိုဝင်သွားတဲ့ အကြောင်းရင်းကတော့ အကြမ်းဖက်အဖွဲ့အစည်းက ကျွန်မတို့ရွာကိုလာပြီးတော့ စည်းရုံးရေးဆင်းတယ်။ ဟောပြောပွဲတွေလုပ်တယ်။ တစ်အိမ် တစ်ယောက်မဝင်မနေရတဲ့ ပုံစံမျိုးတွေနဲ့ကောက်ခံတယ်။ သူတို့က တစ်အိမ်တစ်ယောက် မလိုက်ရင် မိသားစုတွေကို ဒုက္ခပေးမယ်။ အဖေ၊ အမေတွေကို သတ်ပစ်မယ် ဘာညာနဲ့ပြောတော့ ကျွန်မတို့လည်း ကြောက်ပြီးတော့ အဲဒီထဲကိုဝင်သွားတာ ဖြစ်ပါတယ်။ အကြမ်းဖက် အဖွဲ့အစည်းထဲကို ရောက်တော့ကျွန်မတို့စစ်သင်တန်း သုံးလတက်ရတယ်။ စစ်သင်တန်း သုံးလမှာဆိုရင်လည်း ဆေးဝါး လုံလောက်မှုမရှိဘူး။ အဲဒါကြောင့်မို့လို့ တချို့လူတွေ အဲဒီဒဏ်ကို မခံနိုင်လို့ ထွက်ပြေးတဲ့သူတွေလည်းရှိတယ်။ ထွက်ပြေးလို့ မိရင်လည်းသူတို့ကသတ်ပစ်တယ်။ ရိုက်နှက်တယ်။ နှိပ်စက်တယ်။ အဲဒါကြောင့်မို့လို့ ကျွန်မတို့လည်း ကြောက်ပြီးတော့ စစ်သင်တန်းကို ပြီးဆုံးအောင် တက်ခဲ့တယ်။ စစ်သင်တန်းပြီးတော့ ကျွန်မတို့တွေ ပြည်သူ့ဆက်ဆံရေးမှာ တာဝန်ကျတယ်။ ပြည်သူ့ဆက်ဆံရေး ကားလမ်းမကြီးမှာ ဂိတ်ကင်းစောင့်ရတယ်။ အခွန်ကောက်ခံတဲ့ပုံစံမျိုးနဲ့ သူတို့က ဆက်ကြေးတွေ ကောက်ခံတယ်။ ဆီပီပါတွေဆိုရင်လည်း ထက်ဝက်ဈေးတွေနဲ့ကောက်ခံတယ်။ ဆီပီပါ ထက်ဝက်ဈေးနဲ့ ကောက်ခံလို့ တချို့ပြည်သူတွေဆို မပေးနိုင်ဘူး။ မပေးနိုင်တဲ့ ပြည်သူတွေဆိုရင် ဆီပီပါတွေဆွဲချတာတွေ ရှိတယ်။ ပစ္စည်းတွေ ဆွဲယူတာတွေ ရှိတယ်။ အဲဒါကြောင့်မို့ တချို့ပြည်သူတွေဆိုရင်လည်း သံသယအနေနဲ့ခေါ်တယ်။ ခေါ်ပြီးတော့ သူတို့တွေက နှိပ်စက်တယ်။ ရိုက်နှက်တယ်။ လက်သည်း၊ ခြေသည်းခွံတွေကို ခွာတယ်။ ခေါင်းတွေကို ရေနွေးပူတွေနဲ့ လောင်းတယ်။ သူတို့ပြောတာက ပြည်သူသာအမိ ပြည်သူသာအဖဆိုပြီး သူတို့လုပ်နေတာတွေနဲ့ သူတို့ ပြောနေတာတွေက လက်တွေ့မှာ တခြားစီပဲ။ ကျွန်မတို့ ရဲဘော်တွေဆိုရင်လည်း တန်းတူဆိုပြီး သူတို့ အရာရှိတွေကျတော့ KTV သွားတယ်။ မကောင်းတဲ့ မိန်းမတွေနဲ့ပျော်ပါးတယ်။ သောက်စားတယ်။ K ရှူတယ်။ ရာမတွေ သုံးတယ်။ သူတို့တစ်ညတစ်ည သွားပြီဆို ရာချီထောင်ချီကုန်တယ်။ ရဲဘော်တွေဆိုရင်လည်း မိန်းကလေးတွေကို အဓမ္မ ပြုကျင့်တယ်။ ကျွန်မကိုယ်တွေ့ပေါ့ သင်တန်းသူ ကောင်မလေးကို ညကြီး အချိန်မတော် စကားပြောချင်တယ်ဆိုပြီး ခေါ်ပြီးတော့ ကောင်မလေးကို အဓမ္မပြုကျင့်တယ်။ ကောင်မလေးကိုလည်း ဘာတာဝန်မှ မယူဘဲနဲ့ ကောင်မလေးကိုကျ နယ်ကို ပြန်ပို့တယ်။ ကောင်လေးကို ကျတော့လည်း ဘာပြစ်မှုပြစ်ဒဏ်မှမပေးဘဲနဲ့ ဒီအတိုင်းထားတယ်။ အဲဒါကြောင့်မို့ အဲဒီထဲမှာ နေရတာ ကျွန်မတို့ကိုယ်တိုင် မလုံခြုံဘူးလို့ ထင်တယ်။ ကျွန်မတို့လည်း ကျွန်မတို့ဘဝကို ဒီထဲမှာနေပြီး အဆုံးရှုံးမခံနိုင်လို့ ထွက်ပြေးခဲ့တယ်။ ထွက်ပြေးပြီးတော့ ကျွန်မ အလင်းဝင်ဖို့ ကြိုးစားတယ်။ သူတို့က ကျွန်မတို့ကို နားရိုက်သွင်းခဲ့တယ်။ နင်တို့အဲဒီ တပ်မတော်ဘက်ကို အလင်းဝင်ရင် နင်တို့တွေ မိန်းကလေးတွေဆိုရင်လည်း အဓမ္မပြုကျင့်မှာ၊ ယောကျ်ားလေးတွေဆိုရင်လည်း အသက် ၁၈ နှစ်ပြည့်ရင် စစ်မှုထမ်းခေါ်မှာ ဘာညာနဲ့ ကျွန်မတို့ကိုပြောတော့ ကြောက်တော့ ရှေ့မှာအလင်းဝင်တဲ့ သူငယ်ချင်းကိုမေးတယ်။ သူငယ်ချင်းအားလုံး အဆင်ပြေလား။ သူငယ်ချင်းက အဆင်ပြေတယ်။ ဘာမှ စိတ်မပူနဲ့ တပ်မတော်ဘက်ကလည်း နင်တို့ကို နွေးနွေးထွေးထွေး ကြိုဆိုနေတယ်။ ကျွန်မတို့လည်း ဒီကရှိတဲ့ တာဝန်ရှိတဲ့ ဗိုလ်ကြီးတွေနဲ့ ဆက်သွယ်ပြီးတော့မှ ဒီမှာ အလင်းဝင်ခဲ့တယ်။ ကျွန်မတို့ ဒီကိုရောက်တော့လည်း အားလုံး နွေးနွေးထွေးထွေး ကြိုဆိုတယ်။ ကျွန်မတို့ကိုလည်း အစစအရာရာ လုပ်ပေးတယ်။ သူတို့နေသလို နေရတယ်၊ သူတို့စားသလို စားရတယ်၊ ကျွန်မတို့ အမှောင်ထဲကနေ အလင်းကို ပြန်ဝင်လာတာ ကျွန်မတို့ အလွန်ကိုမှန်တယ်။ အဲဒါကြောင့်မို့လို့ ဟိုမှာရှိခဲ့တဲ့ သူငယ်ချင်း ညီအစ်ကိုမောင်နှမတွေကိုလည်း အဲဒီထဲမှာနေပြီး ကိုယ့်ဘဝကို အနစ်မွန်းမခံပါနဲ့၊ တပ်မတော်ဘက်ကိုလာပြီး အလင်းဝင်ပါ။ ကျွန်မတို့က ဒီကနေအလင်းဝင်ပြီး ပြန်လို့ရှိရင်လည်း ကိုယ့်မိဘ၊ ကိုယ့်တိုင်းပြည်၊ ကိုယ့်လူမျိုးအတွက် ကောင်းကောင်းမွန်မွန်နဲ့ နေထိုင်ပြီးတော့ ကောင်းကောင်းမွန်မွန်နဲ့ လုပ်ကိုင်စားပြီးတော့ ကျွန်မတို့လည်း နောက်နောင် ဒီလိုအမှားမျိုးကို မကျူးလွန်တော့ပါဘူးလို့ ကတိသစ္စာပြုပါတယ်။

**သတင်းစဉ်**

# ကြေးမုံစာအုပ်စင် စာအုပ်အမြင်

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊ စာရေးဆရာများ၏ ထုတ်ဝေသောစာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့် သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

## အင်းလျားဆောင် ရွှေစင်မဂ္ဂဇင်း (အမှတ် ၃)



အင်းလျားဆောင် အဆောင်မှူးများ၊ အဆောင်နည်းပြများနှင့် မျိုးဆက်ဟောင်း၊ မျိုးဆက်သစ်ကျောင်းသူတို့က အဆောင်၏ဂုဏ်ကို ဖော်ကျူးသည့်အနေဖြင့်လည်းကောင်း၊ ရေးဖြစ်ဟောင်းအောက်မေ့ဖွယ်ရာများကို သတိရအလွမ်းဖြေရာအဖြစ်လည်းကောင်း၊ စံပြုအတုယူဖွယ်ရာများအဖြစ်လည်းကောင်း အင်းလျားဆောင် ရွှေစင်မဂ္ဂဇင်း (အမှတ် ၃)ကို ထုတ်ဝေလိုက်သည်။

အင်းလျားဆောင်ရွှေစင်မဂ္ဂဇင်း (အမှတ် ၃) တွင် ရန်ကုန်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာတင်မောင်ထွန်း၏ ဥယျောဇဉ်၊ ခေတ်အဆက်ဆက် အင်းလျားဆောင် အဆောင်မှူးများ၏ ဓာတ်ပုံများ၊ နယ်ပယ်အသီးသီးတွင် ထူးချွန်ထင်ရှား အင်းလျားဆောင်သူများ၏ ဓာတ်ပုံများ၊ ဘာသာရေးလှူပ်ရှားမှုဓာတ်ပုံများ၊ စကားရည်လုပွဲနှင့် စာပေဟောပြောပွဲဓာတ်ပုံများ၊ အာစရိယပူဇော်ပွဲဓာတ်ပုံများ၊ အင်းလျားဆောင်လှုပ်ရှားမှု အမှတ်တရ ဓာတ်ပုံများနှင့် ကဗျာ၊ ဆောင်းပါး၊ ဝတ္ထုတိုနှင့် English Section တို့ပါရှိသည်။ အစဉ်အလာကြီးမားသော ရန်ကုန်တက္ကသိုလ် အင်းလျားဆောင်ကြီးသည် စာပေယဉ်ကျေးမှု၊ အသိပညာ၊ အတတ်ပညာ၊ ဗလငါးတန် လေ့ကျင့်ပျိုးထောင်ရာ အနာဂတ်ဘဝအတွက် အခြေခံကောင်းများပေးရာ ဘူမိနက်သန်နေရာမှန်ကြီးဖြစ်သည်။

ရှင်မတောင်စာပေ၊ ၀၉၇၉၈၁၈၉၁၄၈၊ ၀၉၇၇၇၁၃၉၄၇၇(Viber)၊ အမှတ် (၂၁၉)၊ လမ်း ၄၀ (အလယ်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့မှ ဖြန့်ချိသည်။

## သိပ္ပံပညာရှင်များနှင့် ခေတ်မီဒစ်ဂျစ်တယ် နည်းပညာဆောင်းပါးများ



ဒေါက်တာသန့်စင် (ရူပဗေဒ)ရေးသားသည့် သိပ္ပံပညာရှင်များနှင့် ခေတ်မီဒစ်ဂျစ်တယ်နည်းပညာဆောင်းပါးများစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် အိုင်းစတိုင်းရဲ့အချစ်တော် ဖိုတွန်အမှုန်၊ သို့မဟုတ် လူသားအကျိုးပြုဖိုတွန်(photon)၊ နျူကလီးယားရူပဗေဒပညာရှင်ကြီး ယူကားဝါ(Yukawa)နှင့် ပိုင်ယွန်(Pion)အမှုန်များ၊ သိပ္ပံပညာရှင်များ ရှာဖွေနေသော အငယ်ဆုံးအမှုန်များ ၊ ရူပဗေဒပညာရှင် ဟိုင်ဇင်ဘတ်နှင့် မသေချာမှုနိယာမ၊ စွမ်းအားပြင်းဆန့်ကျင်ဘက် အမှုန်လက်နက်များ စသည့်ဆောင်းပါးများအပါအဝင် ကွမ်တမ်ရေဒါ၊ နည်းပညာအသစ်များနှင့် ကွမ်တမ်ကွန်ပျူတာ၊ လေဆာရောင်ခြည် (Laser Ray )အကြောင်း သိကောင်းစရာ၊ လူသားတို့စိုးရိမ်စပြုလာသော ဉာဏ်ရည်တုနည်းပညာ AI( Artificial Intelligence)ဆောင်းပါးများဖြင့် လျင်မြန်စွာပြောင်းလဲတိုးတက်နေသည့် နည်းပညာခေတ်တွင် လူငယ်များအနေဖြင့် သိပ္ပံပညာရပ်များနှင့် နည်းပညာသစ်များကို လေ့လာနိုင်ရန် ရည်ရွယ်ပြုစုထားသည့် ဆောင်းပါး ၃၉ ပုဒ်ပါရှိသည်။

စာအုပ်ကို မိုးကျော်စာပေ၊ အမှတ်(၁၉၂/၂)၊ သုဝဏ္ဏ၊ သဃ်ၤန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၀၀၀၀ ဖြင့် ထုတ်ဝေသည်။

## ညောင်လေးပင်မြို့နယ်မဂ္ဂဇင်း (၂၀၂၆)



ညောင်လေးပင်မြို့နယ်စာရေးဆရာအသင်းနှင့် မြို့မိ မြို့ဖများ၏ ကြိုးစားအားထုတ်မှုဖြင့် ညောင်လေးပင်မြို့နယ်မဂ္ဂဇင်း (၂၀၂၆) ထွက်ရှိလာသည်။ ညောင်လေးပင်မြို့နယ်မဂ္ဂဇင်း (၂၀၂၆) တွင် ဥယျောဇဉ်၊ ညောင်လေးပင်မြို့နယ် စာရေးဆရာအသင်း၏ လှုပ်ရှားမှုမှတ်တမ်း ဓာတ်ပုံများ၊ ကဗျာ၊ ဒေသန္တရ၊ ဇာတိဂုဏ်ရောင်၊ ရုပ်ပုံလွှာ၊ အထွေထွေဆောင်းပါး၊ ဝတ္ထုတိုနှင့် ဝတ္ထုရှည်တို့ ပါရှိသည်။

လှမြတ်နွယ် (ညောင်လေးပင်)၏ ထင်ပေါ်ကျော်ကြား ညောင်လေးပင်သား သာသနာ့ အာဇာနည်များ၊ ငွေးနိုင် –ဗန်ဒါ (ညောင်လေးပင်)၏ ဆရာကြီး ဦးအုန်းကျော်၏ ရွာမအလွတ်ပညာသင်ကျောင်း၊ မောင်ကြည်သွင် (ညောင်လေးပင်)၏ သမိုင်းသုတေသီ၊ ကဗျာဆရာ၊ စာရေးဆရာ မောင်ယဉ်လှိုင်း (ပျဉ်းမမြိုင်)၊ အထွေထွေဆောင်းပါးများတွင် ဒေါက်တာမြင့်သန်း (ညောင်လေးပင်)၏ Reading စာဖတ်ကြပါ၊ စာဖတ်ခြင်း၏ကောင်းကျိုး၊ ဘုန်းပညာ(ညောင်လေးပင်)၏ ကံကြမ္မာဆိုတာ ဖန်ဆင်းရှင်မဟုတ်၊ ဒေါက်တာကိုဦး (လင်းသစ္စာ)၏ ဖြူတိုင်းလည်း မကောင်းနိုင်ဘူး၊ ပန်းသစ္စာ (narrator)၏ မေတ္တာစိတ်နှင့်သာ ရောင်းစေလိုပါသည်၊ စန်းမြင့်တင်(ညောင်လေးပင်)၏ နေခြည်ဖြာ နံနက်ခင်းမှာ၊ ကြော့ကြော့ (မိဘကျေးဇူး)၏ မြန်မာ့နှောင်ရေး၊ ယဉ်ကျေးအသက်၊ မျိုးဆက်စောင့်ပေ၊ တာဝန်ကျေ၊ သိန်းညွှန့် (ပိန်းဇလုပ်)၏ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းကာကွယ်ရေးနှင့် သတင်းမီဒီယာ၊ လှမြင့်ဦး (ညောင်လေးပင်)၏ ပန်းတိုင်းပွင့်ပါစေ၊ မောင်ခွာညို၏ လမ်းမပျောက်စေနဲ့ အတွေးများ၊ လင်းထင်ကျော် (ညောင်လေးပင်)၏ အဆင်ပြေမှုဆိုတာ စသည့်ဆောင်းပါးများပါရှိသည်။

ရှင်မတောင်စာပေ၊ ၀၉၇၉၈၁၈၉၁၄၈၊ အမှတ် (၂၈–က)၊ အနော်မာ (၃) လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့မှ တန်ဖိုးငွေကျပ် ၂၅၀၀၀ဖြင့် ထုတ်ဝေသည်။

## အလင်္ကာမြစ်တို့၏ ဆုံမှတ် (၂)




အမျိုးသမီးကလောင်ရှင် ၁၄ ဦး စုပေါင်းရေးသားထားသည့် အလင်္ကာမြစ်တို့၏ ဆုံမှတ်(၂) ရသဝတ္ထုတိုများစာအုပ် ထွက်ရှိလာသည်။

စာအုပ်တွင် မလေးမွန်(ပညာရေး)၏ ကျွန်ုပ်တို့၏ မြန်မာ၊ တင့်တယ်ခင်၏ ဗဟိဒ္ဓနှင့် အဇ္ဈတ္တ၊ ရွှေဘုတ်(အင်းစိန်)၏ရွှေပန်းကန် ထက်က အမေ့မျက်ရည်၊ ညွန့်ညွန့်(ကလော)၏ အသိတရားနဲ့ သတိထားစေချင်၊ ခင်မိုးမြင့်၏ မမှားသင့်သောအမှား၊ မို့ (သဲကုန်း)၏ မျက်တောင်များတောင် မခတ်မိသလိုပဲဆို၊ နောင့်ယိမ်းခမ်း၏ အလွမ်းတွေလည်းဝေ ပန်းတွေလည်းကြွေ၊ မဏိမဥ္ဇူ၏ ကောင်းကင်ပြာညိုမှောင် သမ်းလေတော့၊ လှိုင်မေသစ်ဦးကြည်၏ ချစ်သူ့သံစဉ် မည်သံလွင်၊ သီတာ၏ သတိ ခွေးကိုက်တတ်သည်၊ မြတ်သစ္စာ(ဆိပ်ဖြူ)၏ အံ့မခန်းမေတ္တာ စိမ့်စမ်းပမာ၊ ပွင့်စန္ဒီ၏ ဒေါင်းမလေး ‘က’နေသည်၊ စောမြညို၏ မြတ်သောအောင်မြင်ခြင်း၊ ကြည်ကြည်မြင့်မြတ်၏ ပန်းပေးသော ပန်း စသည့် အမျိုးသမီးစာရေးဆရာမ ၁၄ ဦးတို့၏ ရသဝတ္ထုတို ၁၄ ပုဒ် ပါရှိသည်။

စာရေးဆရာများက သူသိသော၊ သူကျင်လည်ခဲ့ရသော၊ သူ့ပတ်ဝန်းကျင်တွင် ဖြစ်ပျက်နေသော အကြောင်းအရာများကိုအဓိကထား၍ လိုရင်းတိုရှင်းနှင့် ထိရောက်စွာ ရေးဖွဲ့ထားသည့်အတွက် စာဖတ်သူများ ရသတစ်ခုခု ရရှိခံစားနိုင်လိမ့်မည်ဖြစ်သည်။

စာအုပ်ကို ဆောင်းထီးဖြူစာပေ၊ သုဇာတာဖြတ်လမ်း၊ (၂) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်မှ ထုတ်ဝေ၍ တန်ဖိုးငွေကျပ် ၁၀၀၀၀ ဖြင့် ဖုန်း ၀၉၄၄၈၀၁၃၆၆၂ သို့ ဆက်သွယ်မှာယူနိုင်သည်။

## “ ပြည်သူ့ကြားက ပြည်သူ့စကား ” အစီအစဉ်ထုတ်လွှင့်မည်

နေပြည်တော် စက်တင်ဘာ ၁၄

မျက်မှောက်ကာလတွင် ဖြစ်ပွားလျက်ရှိသော လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် အကြမ်းဖက်မှု တားဆီးရေးဆိုင်ရာကိစ္စရပ်များနှင့်ပတ်သက်၍ ပရိသတ်များ၏ရင်တွင်း ခံစားချက်စကားသံများအား သဇင် FM ၏ “ပြည်သူ့ကြားက ပြည်သူ့စကား” အစီအစဉ်မှ **“တော်လှန်ရေးအကြောင်းပြ လက်နက်ကိုင်ခြိမ်းခြောက်၍ အပြစ်မဲ့ပြည်သူနှင့် နိုင်ငံ့ဝန်ထမ်း၊ သံဃာတော်များအား ဆက်ကြေးကောက်၊ ဓားပြတိုက်၊ ပြန်ပေးဆွဲ၊ ငွေညှစ်၊ လုယက်သတ်ဖြတ်နေသည့် အကြမ်းဖက် PDF များ”** ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၁၆ ရက် မွန်းလွဲ ၁ နာရီတွင် ထုတ်လွှင့် တင်ဆက်ပေးသွားမည်ဖြစ်သည်။

လာမည့်အပတ် စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၁ နာရီတွင် **“အများပြည်သူသွားလာရေးနှင့် ကုန်စည်စီးဆင်းမှု မြန်ဆန်ရေးအတွက် များစွာအထောက်အကူပြုတဲ့ ပို့ဆောင်ရေးလမ်းကြောင်းများကို ပစ်မှတ်ထားဖောက်ခွဲဖျက်ဆီးနေတဲ့ အကြမ်းဖက် PDF သမားများ”** ခေါင်းစဉ်ဖြင့် ဆက်လက်ဆွေးနွေးတင်ဆက်မည်ဖြစ်ပါသည်။ အထက်ပါအစီအစဉ်အား အပတ်စဉ်ဆွေးနွေးတင်ဆက်မည်ဖြစ်သောကြောင့် ပါဝင်ဆွေးနွေးလိုသူပရိသတ်များအနေဖြင့် အပတ်စဉ် ကြာသပတေးနေ့တိုင်း နံနက် ၁၀ နာရီမှ ၁၁ နာရီအတွင်း ဖုန်းနံပါတ် ၀၉၈၉၉၉၀၉၉၅၈၅ သို့ အမည်၊ နေရပ်လိပ်စာ၊ အလုပ်အကိုင်နှင့် ပြန်လည်ဆက်သွယ်ရမည့်ဖုန်းနံပါတ်တို့ကို Message ပေးပို့ပါဝင်နိုင်ပြီဖြစ်ပါကြောင်းနှင့် ပါဝင်လာသည့်ပရိသတ်များ၏ ဖုန်းနံပါတ်များနှင့် ကိုယ်ရေးအချက်အလက်များအား လျှို့ဝှက်ပေးထားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **သတင်းစဉ်**

**✦ အာဆီယံကလပ်မှ**

ပုံစံကောင်းပြသနိုင်ရန် ရုန်းကန်ခဲ့ရပြီး နာကျင်အချိန်ပိုမှ ဂိုးသွင်းယူနိုင်သလို ပင်နယ်တီဆုံးဖြတ်ရာတွင် ဂိုးသမား ကျော်ဇင်ဖြိုး လက်စွမ်းပြနိုင်သဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

ပထမအကျော့ အရှုံးကြောင့် မဖြစ်မနေအနိုင်ရရန် လိုအပ်နေသည့် ရှမ်းယူနိုက်တက်အသင်းသည် ပွဲထွက်လူစာရင်းကို အပြောင်းအလဲအချို့ပြုလုပ်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ဂိုးရရန် လိုအပ်နေသော်လည်း အသင်းကစားပုံမှာ အားနည်းချက်များနေသလို တိုက်စစ်ပိုင်းတွင်လည်း အမှားများနေသဖြင့် ဂိုးသွင်းခွင့်မရဖြစ်နေသည်။ ၃၆ မိနစ်တွင် ကွင်းလယ်ကစားသမား မတ်ခ်ဆာကီ တိုက်ရိုက်အနီကတ်ဖြင့် ထုတ်ပယ်ခံရသဖြင့် ရှမ်းယူနိုက်တက်အသင်း တစ်ယောက်လျော့သွားပြီး ပိုမိုရုန်းကန်ခဲ့ရသည်။ ဒုတိယပိုင်းတွင် ရှမ်းယူနိုက်တက်အသင်း ကစားသမားများပြောင်းလဲကာ တိုက်စစ်မြှင့်ခဲ့သော်လည်း ဂိုးရရန် ရုန်းကန်ခဲ့ရပြီး ပွဲပြီးခါနီး နာကျင်အချိန်ပိုမှ ဂိုးရခဲ့သည်။ ယင်းဂိုးကို လူစားဝင်ကစားသမား သက်ဝေမိုးက သွင်းယူခဲ့ခြင်းဖြစ်သည်။

ထို့ကြောင့် နှစ်ကျော့ပေါင်း သုံးဂိုးစီသရေဖြစ်သွားပြီး အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။ အချိန်ပိုတွင်လည်း ဂိုးထပ်မသွင်းနိုင်သဖြင့် ပင်နယ်တီဖြင့်ဆုံးဖြတ်ရာ ရှမ်းယူနိုက်တက်အသင်းက သုံးဂိုး – နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းကန်သွင်းသည့် ငါးလုံးအနက် ကျော်မင်းဦး၊ စအောင်ပြည့်ကိုနှင့် အက်ဆင်ဂျူနီယာတို့ဂိုးဝင်ပြီး လွင်မိုးအောင်နှင့် သက်ဟိန်းစိုးတို့ ဂိုးမဝင်ခဲ့ပေ။ Ezra အသင်း ကန်သွင်းသည့် ငါးလုံးအနက် နှစ်ဂိုးသာ ဂိုးဝင်ပြီး ကျန်သုံးလုံးအနက် နှစ်လုံးကို ဂိုးသမား ကျော်ဇင်ဖြိုး ကာကွယ်ကာ ကျန်တစ်ဂိုးမှာ ဘေးထွက်ခဲ့သည်။

ရှမ်းယူနိုက်တက်အသင်းသည် ခြေစစ်ပွဲအောင်မြင်ခဲ့သဖြင့် အုပ်စု(B)သို့ ကျရောက်ခဲ့ပြီး ထိုင်းကလပ် Port အသင်း၊ မလေးရှားကလပ် ဂျိုဟိုးဒါရူးလ်အသင်း၊ ဗီယက်နမ်ကလပ် ကောင်အန်ဟန္နိုင်းအသင်း၊ စင်ကာပူကလပ် Lion City Sailors အသင်း၊ ကမ္ဘောဒီးယားကလပ် PKR Svay Rieng အသင်း၊ အင်ဒိုနီးရှားကလပ် ပါဆစ်အသင်းတို့နှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

**သတင်း – ကိုညီလေး**

**ဓာတ်ပုံ – စိုးညွန့်သော်**

**❖ ဟာလန်းမှ**

မန်စီးတီးအသင်းဟာ မြို့ခံပြိုင်ဘက် မန်ယူအသင်းကို အနိုင်ရရှိခဲ့ပြီး ရာနှုန်းပြည့် နိုင်ပွဲဆက်ခဲ့ပေမယ့် ပရီမီယာလိဂ် လက်ရှိချန်ပီယံ အာဆင်နယ်အသင်းနဲ့ ရမှတ်တူ ဂိုးကွာခြားမှုကြောင့် မန်စီးတီးအသင်းအနေနဲ့ ပရီမီယာလိဂ်အမှတ်ပေးဇယားအဆင့်(၂)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။ **ငွေကြယ်**

# Happy Birthday သားကြီး ကျော်ကိုကိုဆက်နိုင်(ခ)ကိုဆက်

ဘိုးဘိုးကြီး "သီရိသုဓမ္မမဏိဇောတဓရ ဦးမိုး(ခ)မုံရွာဆရာမိုး" ၏ မြေးကြီး မောင်ကျော်ကိုကိုဆက်နိုင်(ခ)ကိုဆက် (Regent's International School, Year–12)၏ ၁၅–၉–၂၀၂၆ နေ့ (တနင်္လာနေ့)တွင် ကျရောက်သော (၁၈)နှစ်ပြည့် မွေးနေ့မင်္ဂလာမှသည် နောင်နှစ်ပေါင်း ၁၂၀ တိုင်အောင် ဖေဖေ၊ မေမေ၊ ညီလေးတို့နှင့်အတူ အသက်ရှည်ကျန်းမာချမ်းသာစွာ ဘာသာအကျိုး၊ သာသနာအကျိုး သယ်ပိုးထမ်းဆောင်နိုင်သော ထူးချွန်ထက်မြက် တတ်သိလိမ္မာသည့် သားကောင်းရတနာလေးဖြစ်ပြီး သက်ဆုံးတိုင် ကောင်းသောဆန္ဒများ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဖေဖေ – ဦးကျော်ကိုကိုရှိန်း
မေမေ – သီရိသုဓမ္မသိင်္ဂီ ဒေါက်တာမိုးပြည့်ပြည့်ဖြိုး
ညီလတ် – မောင်သုဝေယံရှိန်း (ခ) သုသု ( Brainwork Total Learning Academy Secondary (IV) )
ညီငယ် – မောင်မိုးပြည့်စုံဟိန်း [Brainwork Total Learning Academy Secondary (III)]
တူမလေး – ပိုမိုပြည့်စုံ ( Brain Champ Aplomb )

မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးကုမ္ပဏီလီမိတက်
Shwe Thu By KS Diamond (Diamonds & Jewellery) ရွှေသုစိန်ရွှေရတနာဆိုင်နှင့်
မိုးပြည့်ဟိန်း ပုံနှိပ်တိုက်မိသားစု

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၂)ရပ်ကွက်၊ ဗဟိုလမ်း၊ မုဒိတာအိမ်ရာ အမှတ်(၁)၊ တိုက်အမှတ်(C)၊ အမှတ်(၇၅)၊ အခန်းအမှတ်(၅၀၇)၊ (၅ လွှာ) တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိထားပိုင်ဆိုင်၍ တရားဝင်လွှဲပြောင်းရောင်းချခွင့်ရှိသူ ဦးသန့်ဇော်အောင် [၁၂/ဥကတ(နိုင်)၁၃၀၄၀၀]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစကျော်ဘ [၁၄/မအပ(နိုင်)၁၉၁၈၅၃]၊ ဒေါ်နှင်းစန္ဒီထွန်း [၁၄/ဘကလ(နိုင်)၂၃၁၆၇၇]တို့က အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန် တိုက်ခန်းတန်ဖိုး၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော တရားဝင်စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ယနေ့သတင်းစာကြေညာသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးဉာဏ်မင်းထက်(LL.B,DIPL,DBL,PGDB) ဒေါ်ယုဇနက်ကို(LL.B,DBL,PGDB)**
**အထက်တန်းရှေ့နေ(စဉ်–၅၂၃၁၂) အထက်တန်းရှေ့နေ(စဉ်–၅၂၇၄၆)**
**အမှတ်(၂၈၀/က)၊ ညီညွတ်ရေးလမ်း၊ (၃၈)ရပ်ကွက်၊ မြောက်ဒဂုံမြို့နယ်။**
**ဖုန်း–၀၉–၉၇၇၁၂၈၁၃၈၊ ၀၉–၄၂၀၀၉၉၄၆၄**

## "အများသိစေရန် အသိပေးကြေညာခြင်း"

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ပုသိမ်ညွန့်ရပ်ကွက်၊ ပုသိမ်ညွန့်(၂)လမ်း၊ အမှတ်(၁၇–ဘီ)၊ ၅ လွှာဟုခေါ်တွင်သော ဧရိယာအကျယ်အဝန်း (၁၂ ပေခွဲ x၅၀ ပေ)ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်ရှိ ရေမီးစုံ အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ရှိပိုင်ဆိုင်သော ဒေါ်သီရိနန္ဒာစိုး [၁၂/ဒဂတ(နိုင်)၀၆၅၉၁၃] မှ ရောင်းချလိုကြောင်းကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေ ဦးအောင်ပိုင်စိုး [၈/ရစက(နိုင်)၂၆၇၃၉၉]တို့မှ အရောင်းအဝယ်တန်ဖိုး၏ တစ်စိတ်တစ်ဒေသ ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ရာ အဆိုပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား မူရင်းများဖြင့် (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးကျော်လှိုင်သိန်း (LL.B, D.B.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၉၇၂၂)**
**တိုက် (၃)၊ အခန်း (၂)၊ မြေညီ၊ နှင်းဆီလမ်း၊ သာယာကုန်းရပ်ကွက်၊**
**မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း–၀၉–၅၁၄၃၇၄၁**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးကိုခဥပဒေအမိန့်–၅၊ နည်းဥပဒေ ၂၀)
## အင်းစိန်ခရိုင်တရားရုံး
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ်– ၁၀၀

Awra Energy Public Co.,Ltd နှင့် ဦးပြည့်ဖြိုးဝေ
(၎င်း၏ကိုယ်စား ဒေါ်ခင်စန္ဒာထွန်း MD)
**(တရားလို) (တရားပြိုင်)**

အခန်း–၂၀၈၊ Tower(B)၊ မြိုင်ဟေဝန်ကွန်ဒိုမီနီယမ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ၈–မိုင်၊ မရမ်းကုန်းမြို့နယ်နေ တရားပြိုင် ဦးပြည့်ဖြိုးဝေ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "ချေးငွေပေးသွင်းရန်ရယူသွားသော ငွေကျပ် ၁,၅၀၀,၀၀၀,၀၀၀ ကျပ်သိန်းတစ်သောင်းငါးထောင်တိတိနှင့် နှစ်နာကြေးငွေ ၅၀၀,၀၀၀,၀၀၀ (ကျပ်သိန်းငါးထောင်တိတိ) စုစုပေါင်း ငွေကျပ် ၂,၀၀၀,၀၀၀,၀၀၀ (ကျပ်သိန်းနှစ်သောင်းတိတိ)ရလိုမှု" လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ်၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့် အချက်များကိုချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၂၅ ရက် (၁၃၈၈ ခုနှစ်၊ တော်သလင်းလဆန်း ၁၄ ရက်) နံနက် ၁၁ နာရီအချိန်တွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့ လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ စက်တင်ဘာလ ၁၁ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်ဝင်းလှိုင်)**
**တွဲဖက်ခရိုင်တရားသူကြီး(၁)**
**အင်းစိန်ခရိုင်တရားရုံး**

## အမည်ပြောင်း

ဧရာဝတီတိုင်းဒေသကြီး၊ မြန်အောင်မြို့နယ်၊ ဇလုပ်ကြီးကျေးရွာအုပ်စု၊ ရေကျော်ရောင်းကျေးရွာနေ (ဖခင်) ဦးဟန်မျိုးသူ (၁၄/မအန(နိုင်)၁၉၀၇၇၀) နှင့် (မိခင်) ဒေါ်ဝေဝေမြင့် (၁၄/မအန(နိုင်)၁၉၀၉၆၆)တို့၏သား အ.မ.က.အုတ်ရှစ်ကုန်း(၁) ကျောင်း၊ Grade 2 မှ မောင်ကောင်းစစ်သွေး (ခ) မောင်ဘုန်းမြတ်သော် အား မောင်ဘုန်းမြတ်သော်ဟုပြောင်းလဲခေါ်ဆိုပါရန်။

(ဖခင်) ဦးဟန်မျိုးသူ (မိခင်)ဒေါ်ဝေဝေမြင့်
၁၄/ မအန(နိုင်)၁၉၀၇၇၀ ၁၄/ မအန(နိုင်) ၁၉၀၉၆၆

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး ၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်–၅၃၂/ဘီ ၅၊ (ပေါင်းကူး၃၀ဏ)အင်ကြင်းလမ်း၊ မြေကွက်အမှတ်(၉၉)၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုမြေယာဌာနတွင် ဦးနိုင်ဝင်းနှင့် ဒေါ်အေးအေးမော်တို့ အမည်ပေါက်ရှိထားသော နှစ်(၆၀)ဂရန်မူရင်း အလျား ၄၄/၃၇ ပေ၊ အနံ ၁၅၂/၁၅၀ ပေ (၀.၁၄၀)ဧကမြေကွက်၏ မြေပေါ်အကျိုးခံစားခွင့်အားလုံးကို ဦးနိုင်ဝင်း [၁၂/လမန(နိုင်)၁၃၃၆၉၀]နှင့် ဒေါ်အေးအေးမော် [၁၂/ဥကတ(နိုင်)၀၁၀၅၃၇]တို့က လက်ရောက်ပိုင်ဆိုင်ထားပြီး အရှုပ်အရှင်းကင်းကြောင်း၊ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုလျက် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ယုံကြည်စွာ ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသအား စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသဖြင့် အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အဆိုပါအိမ်မြေ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ထူးသန္တာဦး (LL.B, CBL, DBL) (DL–101 WIPO Switzerland)**
**တရားလွှတ်တော်ရှေ့နေ (စဉ် – ၁၆၄၈၃)**
**အမှတ်–၃၂၀၊ ဘုရင့်နောင်လမ်း၊ (၁၁)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။**
**ဖုန်း – ၀၉–၄၀၄၄၁၀၀၇၀၊ ၀၉–၇၈၇၀၉၀၃၃၇**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၀)၊ (ဏ/၁၄)ရပ်ကွက်၊ ယခုအခေါ် ငစိန်လမ်း (ယခင်အခေါ် အောင်စေတနာလမ်း)၊ မြေကွက်အမှတ်(၁၂၁၆/ခ) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးလှရှိန်အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ ပါမစ်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးအောင်ဇေယျာမြင့် [၁၃/ကလန(နိုင်)၀၆၀၄၁၇]မှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်စန်းစန်းစိုး [၁၂/ဥကမ (နိုင်) ၁၄၉၄၇၇]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B) ဒေါ်ယမင်းဖြူဖြူသိန်း LL.B (Q)**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ**
**(စဉ်–၁၈၂၅၀) (စဉ်–၅၇၀၅၃)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၇၇၂၉၁၇၇၅၊ ၀၉–၄၅၄၁၆၃၀၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ ကော့သောင်းခရိုင်၊ ကော့သောင်းမြို့၊ အဏ္ဍာဝါရပ်ကွက်၊ ကမ်းနားလမ်း၊ အကွက်အမှတ်–၃၊ ဦးပိုင်အမှတ်–၁၀၈/၂၊ ဧရိယာ– ၀.၀၂၁ ဧက၊ အကျယ်အဝန်းရှိ မြေပေါ်တွင်ဆောက်လုပ်ထားရှိသော အမှတ်–၄၇ ဟုခေါ်တွင်သော (၂)ထပ်ပျဉ်ထောင်နေအိမ်(၁)လုံးနှင့် အကျိုးခံစားပိုင်ခွင့်အရပ်ရပ်တို့ကို မူလပိုင်ရှင်များဖြစ်သော ဦးကင်းစန်၊ ဦးကင်းချန်၊ ဦးကင်းရှင်တို့၏ အမွေဆက်ခံသူဖြစ်ကာ တရားဝင်လက်ဝယ်ထားရှိ၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြုသူ ဒေါ်သန်းသန်းဝင်း [၆/ကသန(နိုင်)၀၀၀၀၃၈] ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးဇော်ဝင်း၊ ဒေါ်ခင်ထွေးရီတို့က အပြီးအပိုင်ဝယ်ယူရန် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါ၍ ကန့်ကွက်လိုပါက ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ တရားဝင်ခိုင်လုံသော စာရွက်စာတမ်း (မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးဇော်ဝင်း၊ ဒေါ်ခင်ထွေးရီတို့၏ လွှဲအပ်ညွှန်ကြားချက်အရ –**
**ဦးအောင်ဇာနည်စိုး LL.B, DCMS, DIR ဦးသိန်းနိုင်စိုး LL.B, DIR**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၁၀၁၃၀) အထက်တန်းရှေ့နေ(စဉ်–၅၃၆၉၇)**
**အမှတ်(၁၀၄)၊ (A–2)၊ အသောကလမ်း၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း ၀၉–၄၂၂၁၉၆၅၈၈၊ ၀၉–၈၉၁၂၂၁၂၂၁**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 77W/58877၊ အမျိုးအမည် Honda Click –150၊ အမျိုးအစား M/C၊ ယာဉ်လက်ဝယ်ရှိသူ အမည် ဦးမင်းသန့်မောင်မောင် မှတ်ပုံတင်အမှတ် [၅/မရန(နိုင်)၃၄၀၅၀၀] မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်–

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71/W/46048၊ အမျိုးအမည် Yunde–110၊ အမျိုးအစား M/C၊ ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်မာ မှတ်ပုံတင် အမှတ် [၅/မရန(နိုင်)၃၅၀၇၀၇]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်–

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာ**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 47W/11655၊ အမျိုးအမည် Yunde–110၊ အမျိုးအစား M/C၊ ယာဉ်လက်ဝယ်ရှိသူ အမည် ဒေါ်နီနီဝင်း မှတ်ပုံတင်အမှတ် [၅/မရန(နိုင်)၂၉၆၇၁၅]မှ ယာဉ်မှတ်ပုံတင်စာအုပ်(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်–

**က.ည.န၊ တိုင်းဒေသကြီး**
**ဦးစီးမှူးရုံး၊ မုံရွာ**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–၁/အနော်မာ၊ မြေကွက်အမှတ် – ၅၄၁၊ ဧရိယာ (၄၀' x ၆၀')၊ မြေကွက်တည်နေရာအမှတ် (၅၄၁)၊ အနော်မာအရှေ့(၁၃)လမ်း၊ ၁/အနော်မာရပ်ကွက်၊ သာကေတမြို့နယ်၊ အင်န်ပွတ်ရှိပါဝါဘီ (၁၆၂၀/၆၂) အမည်ပေါက် နှစ် (၆၀) မြေငှားဂရန်မြေကွက်၏ တစ်ဝက် (၂၀' x ၆၀')အား ဦးတင်မြင့်မှ တရားလိုပြုလုပ်၍ ဒေါ်လှသန်း၊ ဒေါ်မာလာ၊ ဒေါ်သန်းအေးတို့အား တရားပြိုင်ထားကာ ဒေါပုံမြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ်–၁၀/၂၀၂၄ ဖြင့် ကတိပဋိညာဉ်အတိုင်း မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှုအပေါ် အနိုင်ဒီကရီချမှတ်သည့် (၅–၉–၂၀၂၄)ရက်စွဲပါ စီရင်ချက် တရားမဓာရီမှုအမှတ်–၈၆/၂၀၂၄ ဖြင့် ဘီလစ်ခန့်အပ်ကြောင်း အမိန့်ချမှတ်သည့် (၂၇–၁၂–၂၀၂၄) ရက်စွဲပါ တရားရုံးနေ့စဉ်မှတ်တမ်းတာဝန်ခံမိတ္တူမှန်၊ ထုံးပုံကျအပြီးသတ်အမိန့်၊ မြေနှင့်အိမ်အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုနိုင်ရေးအတွက် မြေပုံ မြေရာဇဝင်ကူးယူခြင်း၊ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုခြင်း စသောကိစ္စအဝဝတို့ကို ကူညီဆောင်ရွက်ပေးပါရန် ဒေါပုံမြို့နယ်တရားရုံးမှ ဤဌာနသို့ အကြောင်းကြားသည့်စာ၊ ဘီလစ်ခန့်စာ၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားတို့တင်ပြ၍ ဘီလစ်ဦးဆောင်းလွင်ဦး [၁၂/တမန(နိုင်)၀၂၉၅၃၁]မှ အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး**
**(ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## တစ်ဦးတည်းဖြစ်ပါကြောင်း

နေပြည်တော်ကောင်စီနယ်မြေ၊ ပျဉ်းမနားမြို့နယ်၊ ပညာ့ပန်းတိုင်ကိုယ်ပိုင်အထက်တန်းကျောင်း၊ Grade–12 ရှိ မောင်သော်စစ်နိုင်၏ ဖခင်ဖြစ်သူ ဦးဟံသာဝင်းနှင့် ဦးသူရိန်နိုင် [၇/ကကန(နိုင်)၀၃၆၄၀၄]မှာ အမည်နှစ်မျိုးဖြစ်သော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

## အမည်ပြောင်း

အဖ ဦးချမ်းသာဝင်း[၇/ကကန(နိုင်)၀၄၂၃၉၇]၏သား နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ သိင်္ဂီ(၁)လမ်းရှိ NPS ကိုယ်ပိုင်မူလတန်းကျောင်း Grade–5မှ မောင်ရှင်းခန့်ဘုန်းအား မောင်ရှင်းခန့်လင်းဟု အမည်ပြောင်းလဲခေါ်ပါရန်။

**မောင်ရှင်းခန့်လင်း**

## "မိုဟာမက်ဆယ်ဟ်ဘာန် (ခ) ဦးခင်မောင်အေး [၁၂/ပဘတ(နိုင်)၀၂၈၁၉၂] ကိုင်ဆောင်သူသိစေရန်"

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးယာယာခန်း (MDW–၂၄၈၇၄၃)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည်–

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူနှင့် မိုဟာမက်ဆယ်ဟ်ဘာန် (ခ) ဦးခင်မောင်အေးတို့သည် ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃) ရပ်ကွက်၊ ၂၈–လမ်း(အောက်ဘလောက်)၊ အမှတ်–(၅၇) ဟုခေါ်တွင်သော (၁)ခန်းတည်း၊ (၈ထပ်ခွဲ) တိုက်အနက်မှ (၈–လွှာ)၊ အကျယ်အဝန်း (၂၅ပေx၅၀ပေ)ရှိ တိုက်ခန်းကို လူကြီးမင်းတို့ရရှိမည့် ဝေစုအသီးသီးကို "(၁၉–၉–၂၀၂၂) ရက်စွဲပါ အမွေပစ္စည်းဝေစု အသီးသီးလွှဲပြောင်းရောင်းချခြင်းကတိစာချုပ်"အရ လူကြီးမင်းအပါအဝင် မိခင် ဒေါ်ဆာရာဘီဘီ၊ အစ်မဖြစ်သူ ဒေါ်အမီနာဘီဘီတို့၏ အကျိုးခံစားခွင့်ရရှိမည့်ဝေစုကို လွှဲပြောင်းရောင်းချ၍ စရန်ငွေတစ်စိတ်တစ်ဒေသကို ကျွန်ုပ်မိတ်ဆွေထံမှ ရယူသွားခဲ့ပါသည်။

သို့ရာတွင် မိုဟာမက်ဆယ်ဟ်ဘာန်(ခ)ဦးခင်မောင်အေးမှ ကျွန်ုပ်မိတ်ဆွေအား ရောင်းချထားသည့်တိုက်ခန်း၏ အမွေဝေစု(ထက်ဝက်)တိတိကို (၄–၉–၂၀၂၆)ရက်နေ့ထုတ် ကြေးမုံသတင်းစာ စာမျက်နှာ (၂၅) ကြေညာချက်တွင် အခြားသူထံသို့ ထပ်မံလွှဲပြောင်းရောင်းချသွားခဲ့ကြောင်း တွေ့ရှိရပါသည်။ ယခုအခါ လူကြီးမင်းသည် ကျွန်ုပ်၏မိတ်ဆွေအား အတွေ့မခံဘဲ အကြောင်းအမျိုးမျိုးပြကာ တိမ်းရှောင်နေကြောင်း သိရှိရပါသည်။

သို့ဖြစ်ပါ၍ လူကြီးမင်းအနေဖြင့် ကျွန်ုပ်မိတ်ဆွေထံမှ ရယူသွားသည့် တိုက်ခန်းဖိုးငွေများကို ဤကြေညာစာပါရှိသည့်နေ့မှစ၍ (၁၄)ရက်အတွင်း လာရောက်တွေ့ဆုံ ဖြေရှင်းဆောင်ရွက်ပါရန် မိုဟာမက်ဆယ်ဟ်ဘာန်(ခ) ဦးခင်မောင်အေးသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နန်းစန္ဒာလင်း (LL.B,D.B.L) ဒေါ်သင်းသင်းထက် (LL.B, LLM)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၂၀၁၂၉) အထက်တန်းရှေ့နေ (စဉ်–၅၇၂၉၇)**
**အမှတ် (၁၁၅)၊ ပထမထပ်၊ (၃၃) လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၇၉၉၅၃၅၉၇၇၊ ၀၉–၂၆၄၉၂၄၁၀၁**

## (၄–၉–၂၀၂၆) ရက်နေ့ထုတ်၊ ကြေးမုံသတင်းစာ၊ စာမျက်နှာ (၂၅)တွင် ရှေ့နေ ဦးသက်နိုင်ဦး၏ ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်းအား ကန့်ကွက်အပ်ပါသည်

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဦးယာယာခန်း (MDW–၂၄၈၇၄၃) ကိုင်ဆောင်သူ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအပ်ပါသည် –

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၃)ရပ်ကွက်၊ ၂၈–လမ်း(အောက်ဘလောက်)၊ အမှတ်(၅၇)ဟုခေါ်တွင်သော (၁)ခန်းတည်း၊ (၈ ထပ်ခွဲ) တိုက်အနက်မှ (၈–လွှာ)၊ အကျယ်အဝန်း (၂၅ပေx၅၀ပေ)ရှိ (ခေတ်လှေကားပါ) တိုက်ခန်းနှင့် ယင်းတိုက်ခန်းပေါ်တွင် တွယ်ကပ်ပါရှိသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမွေဆက်ခံပိုင်ဆိုင်ကြပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူများဖြစ်ကြသော ဒေါ်ခတီဇာဘီဘီ [၁၂/ပဘတ(နိုင်)၀၀၇၇၁၁]၊ ဒေါ်ရီရီမြင့် [၁၂/ပဘတ(နိုင်)၀၄၀၆၄၉]နှင့် ဦးမိုဟာမက်ဆယ်ဟ်ဘာန်(ခ) ဦးခင်မောင်အေး [၁၂/ပဘတ(နိုင်)၀၂၈၁၉၂] ကိုင်ဆောင်သူများထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်ဟု ဖော်ပြပါရှိသည့် ကန့်ကွက်နိုင်ကြောင်း ကြေညာစာနှင့်ပတ်သက်၍ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ အောက်ပါအတိုင်း ပြန်လည်ကန့်ကွက်အပ်ပါသည်–

အထက်ပါ ကြေညာစာပါရှိသည့် တိုက်ခန်း၏ (ထက်ဝက်တိတိ) အမွေဝေစုကို ကျွန်ုပ်တို့၏မိတ်ဆွေ ဦးယာယာခန်းမှ ဦးမိုဟာမက်ဆယ်ဟ်ဘာန်(ခ) ဦးခင်မောင်အေးထံမှ "(၁၉–၉–၂၀၂၂) ရက်စွဲပါ အမွေပစ္စည်းဝေစုအသီးသီး လွှဲပြောင်းရောင်းချခြင်းကတိစာချုပ်"အရ စရန်ငွေပေးဝယ်ယူထားပြီးဖြစ်၍ အကျိုးသက်ဆိုင်ပါဝင်နေပါသည်။

သို့ဖြစ်ပါ၍ အထက်ပါ တိုက်ခန်းအရောင်းအဝယ်ကိစ္စအား ကန့်ကွက်နိုင်ကြောင်း ရှေ့နေ၏ကြေညာချက်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေ ဦးယာယာခန်းမှ အတိအလင်း အကြောင်းအမျိုးမျိုးပြကာ ကန့်ကွက်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်နန်းစန္ဒာလင်း (LL.B,D.B.L) ဒေါ်သင်းသင်းထက် (LL.B, LLM)**
**တရားလွှတ်တော်ရှေ့နေ (စဉ်–၂၀၁၂၉) အထက်တန်းရှေ့နေ (စဉ်–၅၇၂၉၇)**
**အမှတ် (၁၁၅)၊ ပထမထပ်၊ (၃၃) လမ်း၊ ကျောက်တံတားမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း – ၀၉–၇၉၉၅၃၅၉၇၇၊ ၀၉–၂၆၄၉၂၄၁၀၁**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၆)၊ (၈)ရပ်ကွက်၊ ဗိုလ်အောင်ကျော်လမ်း၊ မြေကွက်အမှတ် (၃၇/ခ)ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ဆွေဆွေမြင့်အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၂၀ x ၆၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် အဆောက်အဦနှင့်တကွ ရေမီးစုံအပါအဝင် တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဦးခင်ဇော် [၁၂/အစန(နိုင်)၁၃၆၉၇၁] မှ ရောင်းချရန်ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်မာလာထိုက် [၁၂/မရက(နိုင်)၀၀၃၅၉၇]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်မာလာထိုက်၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဖြူဝေဝေအောင် (LL.B) ဒေါ်ယမင်းဖြူဖြူသိန်း (LL.B (Q))**
**တရားလွှတ်တော်ရှေ့နေ အထက်တန်းရှေ့နေ**
**(စဉ်–၁၈၂၅၀) (စဉ်–၅၇၀၅၃)**
**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း–၀၉–၇၇၇၂၉၁၇၇၅၊ ၀၉–၄၅၄၁၆၃၀၉**

❖ နိုင်ငံတော် ရှေ့သို့ဖို့ ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့ သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

# PDF အမည်ခံအဖွဲ့ဝင်များနှင့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့ဝင်များ လက်နက်၊ ခဲယမ်းများနှင့်အတူ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လျက်ရှိ

**ဥပဒေဘောင်အတွင်းဝင်ရောက်လာမှုအနေဖြင့် အမျိုးသား ၅၀၃၆ ဦးနှင့် အမျိုးသမီး ၆၃၆ ဦး စုစုပေါင်း ၅၆၇၂ ဦးဖြစ်ပြီး လက်နက်မျိုးစုံ ၆၈၂ လက်ဖြစ်**



PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုးအမည်ခံ လက်နက်ကိုင်အဖွဲ့ဝင်များ ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်လာစဉ် ၎င်းတို့နှင့်အတူပါရှိလာသည့် လက်နက်၊ ခဲယမ်းများအား တာဝန်ရှိသူများက လိုက်လံကြည့်ရှုစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၄**

တိုင်းရင်းသား ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်ပျက်စီးစေသော အကြမ်းဖက်လုပ်ရပ်များကို စက်ဆုပ်ရွံရှာခြင်း၊ အေးချမ်းစွာ နေထိုင်လုပ်ကိုင်စားသောက်လိုခြင်း၊ အေးချမ်းစွာ ပညာသင်ကြားလိုခြင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် ဥပဒေပြဋ္ဌာန်း၍ လက်ကမ်းကြိုဆိုခဲ့မှုကြောင့် ဥပဒေ၏ အရိပ်အောက်တွင် မိသားစုနှင့်အတူ ပေါင်းစည်းကာ လွတ်လပ်စွာ နေထိုင်လုပ်ကိုင်လိုခြင်း၊ ဥပဒေဘောင်အတွင်း ဝင်ရောက်ရာတွင်လည်း လုံခြုံမှုရှိစွာဖြင့် ပြည်သူလူထုအတွင်း

**စာမျက်နှာ ၁၄ ကော်လံ ၁ သို့ ○**

ယနေ့ ဖတ်စရာ

**တိုင်းဒေသကြီးနှင့် ပြည်နယ် အသက် (၁၉)နှစ်အောက် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စု(က) ဘားအံဇုန်ပွဲစဉ်များ ကျင်းပမည်** စာမျက်နှာ » ၁၀

**ကျောင်းကျန်းမာရေး (သို့မဟုတ်) အနာဂတ်ကို ပျိုးထောင်ခြင်း** ဆောင်းပါး စာမျက်နှာ » ၁၁

**ဂျပန်နိုင်ငံရှိ ဖူဂျီတောင်သို့ တောင်တက်သူများအတွက် စည်းကမ်းများတင်းကျပ်မည်** စာမျက်နှာ » ၁၃

**တာချီလိတ်မြို့၌ ခန့်မှန်းတန်ဖိုးငွေကျပ် ၁ ဒသမ ၂၆ ဘီလီယံတန်ဖိုးရှိ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ** စာမျက်နှာ » ၁၈

# အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံး အုပ်စုပထမနေ့တွင် မြန်မာအသင်း တောင်ကိုရီးယားကို ဂိုးပြတ်ရှုံးနိမ့်



**ရန်ကုန် စက်တင်ဘာ ၁၄**

ဂျပန်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပနေသည့် အကြိမ်(၂၀)မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသမီးဘောလုံး အုပ်စုပထမနေ့ကို စက်တင်ဘာ ၁၄ ရက်က စတင်ကျင်းပရာ မြန်မာအသင်းသည် တောင်ကိုရီးယားအသင်းကို ငါးဂိုးပြတ် အရေးနိမ့်ခဲ့သည်။

မြန်မာအသင်းသည် အာရှထိပ်သီး တောင်ကိုရီးယားနှင့် ယှဉ်ပြိုင်ကစားရသောကြောင့် ရမှတ်ရယူနိုင်ရန်နှင့် ပေးဂိုးနည်းရန် အဓိကကြိုးပမ်းခဲ့ပြီး ငါးဂိုး ခွင့်ပြုခဲ့ရသည်။

**စာမျက်နှာ ၁၉ ကော်လံ ၁ သို့ ☆**



မန်ယူအသင်းနှင့် မန်စီးတီးအသင်းတို့ ယှဉ်ပြိုင်စဉ်။

# ဟာလန်းရဲ့တစ်လုံးတည်းသောသွင်းဂိုးဖြင့် အနိုင်ရပြီး မန်စီးတီးအသင်းနိုင်ပွဲဆက်ခဲ့

မန်စီးတီးအသင်းဟာ စက်တင်ဘာ ၁၃ ရက်ညပိုင်းက မန်ယူအသင်းနဲ့ ယှဉ်ပြိုင်ကစားခဲ့တဲ့ မန်ချက်စတာဒါဘီပွဲစဉ်မှာ တိုက်စစ်မှူး ဟာလန်းရဲ့ တစ်လုံးတည်းသောသွင်းဂိုးဖြင့်အနိုင်ရပြီး နိုင်ပွဲဆက်ခဲ့ပါတယ်။

မန်ယူအသင်းနဲ့ မန်စီးတီးအသင်းတို့ပွဲစဉ်မှာ ပထမပိုင်း ပွဲကစားချိန် ၂၆ မိနစ်ကတည်းက ဖီးလ်ဖိုဒန် တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရလို့ မန်စီးတီးအသင်းအနေနဲ့ ကစားသမားတစ်ယောက်လျော့နဲ့ ကစားခဲ့ရတာဖြစ်ပါတယ်။

မန်စီးတီးအသင်းဟာ မန်ယူအသင်းကို အနိုင်ရရှိခဲ့တာကြောင့် ပရီမီယာလိဂ်ပွဲစဉ်လေးပွဲယှဉ်ပြိုင်ကစားပြီးချိန်မှာ လေးပွဲစလုံးအနိုင်ရရှိခဲ့ပြီး ရှုံးပွဲမရှိစံချိန်ကိုလည်း ဆက်လက်ထိန်းထားနိုင်ခဲ့တာ ဖြစ်ပါတယ်။

မန်ယူအသင်းကတော့ မန်စီးတီးအသင်းကို ရှုံးနိမ့်ခဲ့တာကြောင့် ပရီမီယာလိဂ်လေးပွဲယှဉ်ပြိုင်ကစားပြီးနောက် တစ်ပွဲနိုင်၊ တစ်ပွဲသရေ ရမှတ်လေးမှတ်နဲ့ အမှတ်ပေးဇယား အဆင့်(၁၃)နေရာမှာ ရပ်တည်နေတာဖြစ်ပါတယ်။

**စာမျက်နှာ ၁၇ ကော်လံ ၃ သို့ ❖**

# အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲတွင် ရှမ်းယူနိုက်တက်အသင်း ပင်နယ်တီအဆုံးအဖြတ်တွင် ဂိုးသမားကျော်ဇင်ဖြိုး၏ လက်စွမ်းပြမှုဖြင့် အနိုင်ရပြီး ခြေစစ်ပွဲအောင်မြင်

**ရန်ကုန် စက်တင်ဘာ ၁၄**

၂၀၂၆–၂၀၂၇ ရာသီ အာဆီယံကလပ် ချန်ပီယံရှစ်ပြိုင်ပွဲ မြန်မာကလပ် ရှမ်းယူနိုက်တက်အသင်းနှင့် လာအိုကလပ် Ezra အသင်းတို့၏ ခြေစစ်ပွဲဒုတိယအကျော့ကို စက်တင်ဘာ ၁၄ ရက်က ရန်ကုန်မြို့ သုဝဏ္ဏကွင်း၌ကျင်းပရာ ရှမ်းယူနိုက်တက်အသင်းက တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရရှိသည်။

ရှမ်းယူနိုက်တက်အသင်းသည် ပထမအကျော့တွင် သုံးဂိုး–နှစ်ဂိုးဖြင့် အရေးနိမ့်ပြီး ဒုတိယအကျော့တွင် တစ်ဂိုး–ဂိုးမရှိဖြင့် အနိုင်ရသဖြင့် နှစ်ကျော့ပေါင်း သုံးဂိုးစီသရေကျနေသဖြင့် အချိန်ပိုဆက်လက်ယှဉ်ပြိုင်ခဲ့ရသည်။ အချိန်ပိုတွင်လည်း ဂိုးမရှိသရေကျနေသဖြင့် ပင်နယ်တီဖြင့် ဆုံးဖြတ်ရာ ရှမ်းယူနိုက်တက်အသင်းက သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းသည် ခြေစစ်ပွဲအောင်မြင်ခဲ့သော်လည်း

**စာမျက်နှာ ၁၇ ကော်လံ ၃ သို့ ✦**



ရှမ်းယူနိုက်တက်အသင်းနှင့် Ezra အသင်းတို့ ယှဉ်ပြိုင်စဉ်။